စကားဝိုင်းဆွေးနွေးပွဲ စာစောင်အမှတ် (၁)







# ဖက်ဒရယ်အိပ်မက်နှင့် ၂၀၀၈ ခြေခ ကျော့ကွင်း

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်း နောက်ခံ ကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်းပေါင်း ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်းတိုးတက်မြင့်မား လာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင် ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှ တစ်ဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် ဦးတည် ဆောင်ရွက်လျက်ရှိသည်။

## ရည်ရွယ်ချက်များ

- အမျိုးသမီးများ စွမ်းရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား-မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

## ဦးဆောင်စီစဉ်ကျင်းပသည့် အဖွဲ့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

## ဦးဆောင်ပံ့ပိုးသူ

လွေးပိုးငယ်

တွဲဖက်အတွင်းရေးမှူး (၂)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

## ရက်စွဲ

၂၀၂၂ ခုနှစ်၊ မေလ၊ ၂၁ ရက်နေ့

## အချိန်

နံနက် ၁၀:၀၀ မှ ၁၁:၃၀ မိနစ်

(မြန်မာစံတော်ချိန်)

## ဦးဆောင်ဆွေးနွေးသည့် ခေါင်းဆောင်များ

**မင်းဟန်ထက်**

ဥက္ကဋ္ဌ

ဒဂုံတက္ကသိုလ်ကျောင်းသား သမဂ္ဂ

**ငြိမ်းငြိမ်းပြည့်**

လူငယ်တစ်ဦး

မြန်မာ့နွေဦးတော်လှန်ရေး

**မာဝီ**

ဗဟိုကော်မတီအဖွဲ့ဝင်၊ အတွင်းရေးမှူး (၂)

Karenni Nationalities Defense Force - KNDF



# လွေးပိုးငယ်

တွဲဖက်အထွေထွေအတွင်းရေးမှူး (၂)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# လွေးပိုးငယ်

ဆွေးနွေးပွဲ ဦးဆောင်ပံ့ပိုးသူ

ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကာလအတွင်း နွေဦးတော်လှန်ရေးကို လူငယ်များနဲ့ လူထုအလွှာမျိုးစုံကနေ ပါဝင်လာခဲ့ကြတာ ၁ နှစ်ကျော်ရှိပါပြီ။ ဒါပေမဲ့ တော်လှန်ရေးအရှိန်ဟာ လျော့ကျသွားခြင်းမျိုးမရှိပဲ ဆက်လက်အားကောင်းနေတာကို တွေ့ရပါတယ်။ တော်လှန်ရေးရေချိန် မြင့်နေတဲ့ တချိန်တည်းမှာ ကျမတို့ သွားချင်တဲ့ပန်းတိုင်က ဘာလဲ၊ လက်ရှိနိုင်ငံရေးအခင်းအကျင်းက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရိပ်အာဝါသအောက်ကနေ လွတ်ကင်းပြီလား၊ ဒါမှမဟုတ် ၂၀၀၈ ကို ပြန်လည်အသက်သွင်းဖို့ အခြေအနေရှိနေလားဆိုတာကို ကျမတို့ ပြန်လည်ဆန်းစစ်ဖို့ လိုအပ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံဟာ ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုတစ်ရပ်ဖြစ်ဖို့အတွက် မဟာအဟန့်အတားကြီးတစ်ခု ဖြစ်ပါတယ်။

ဆွေးနွေးပွဲကို ဗဟိုကော်မတီ၊ အတွင်းရေးမှူး (၂) ၏ မာဝီနဲ့ အရင်စချင်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ နွေဦးတော်လှန်ရေးကို စတင်ပါဝင်ခဲ့ကြတဲ့ လူငယ်တွေမှာ ရည်မှန်းချက် အသီးသီးရှိကြပါတယ်။ တဦးတယောက်အနေနဲ့ ရှိကြသလို အဖွဲ့အစည်းအနေနဲ့လည်း ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေ ရှိကြပါတယ်။ လူထုအလွှာကို ပြန်ကြည့်တဲ့အခါမှာလည်း အလွှာ ၃ မျိုးတွေ့ရပါတယ်။ ပထမအလွှာကတော့ ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတဦးဝင်းမြင့်၊ နိုင်ငံရေးအကျဉ်းသား၊ ခေါင်းဆောင်များနဲ့ ကျောင်းသားတွေ ပြန်လွတ်ရင် တော်လှန်ရေးအောင်မြင်ပြီလို့ ခံယူကြသူတွေဖြစ်ပါတယ်။ ဒုတိယအလွှာကတော့ အရင်တုန်းကလို NLD အာဏာပြန်ရပြီး ဒီမိုကရေစီအစိုးရ ဖြစ်သွားပြီဆိုရင်တော့ အနာဂါတ်သာယာအဆင်ပြေပြီလို့ ယုံကြည်နေကြတဲ့ သူတွေဖြစ်ပါတယ်။ နောက်ထပ်လူထုအလွှာကတော့ ဒီတော်လှန်ရေးကို ကျော်လွန်ပြီးတော့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်နိုင်မှသာ ဒီနိုင်ငံက စစ်မှန်တဲ့ ငြိမ်းချမ်းရေးရနိုင်မှာလို့ ယုံကြည့်တဲ့ လူထုအလွှာလည်း ရှိပါတယ်။



အတွင်းရေးမှူး (၂)၊ ဗဟိုကော်မတီအဖွဲ့ဝင်

Karenni Nationalities Defense Force (KNDF)

**မေး - ကိုယ်မျှော်မှန်းတဲ့ တော်လှန်ရေး ပန်းတိုင်ကဘာလဲ။ နွေဦး တော်လှန်ရေးကို ဘာကြောင့် ပါဝင်ခဲ့ရသလဲ။ လက်ရှိမှာရော မာဝီ အနေနဲ့ တော်လှန်ရေးကြီးမှာ ဘယ်လို အခန်းကဏ္ဍကနေ ပါဝင် တိုက်ပွဲဝင်နေသလဲဆိုတာကို ဖလှယ်ပေးပါ။**

ကျနော်က အခု KNDF ကို ကိုယ်စားပြုနေတဲ့အတွက် အဖွဲ့ရဲ့ရည်မှန်းချက်ဘာလဲ၊ ဘာကြောင့်  ဒီဟာတွေ လုပ်နေရသလဲဆိုတာနဲ့ စချင်ပါတယ်။

> **အာဏာမသိမ်းခင်ကတည်းက တဦးချင်းရည်မှန်းချက် ကလည်း ဖက်ဒရယ်ဒီမိုကရေစီကို ပြတ်ပြတ်သားသား ခိုင်ခိုင်မာမာနဲ့ ယုံကြည်ကြတဲ့ လူအစုအဖွဲ့တွေထဲမှာ ကျနော်တို့ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ပဋိပက္ခတွေရဲ့ ပြဿနာကို အနှစ်ချုပ် ကြည့်လိုက်မယ်ဆိုရင် ဖက်ဒရယ် ဒီမိုကရေစီကို သွားမှရမယ်၊ ပြည်ထောင်စုသစ် တစ်ခုကို တည်ဆောက်မှရမယ်ဆိုတဲ့ Vision တစ်ခု ကျနော်တို့လို ယုံကြည်တဲ့သူတွေအားလုံးမှာ ရှိပါတယ်။**

အာဏာသိမ်းပြီးနောက်ပိုင်းမှာလည်း ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့တဲ့ လူငယ်တွေရဲ့ သဘောထားက လည်း ဒီသဘောထားဘဲ ရှိပါတယ်။ လူတစ်စုတစ်ဖွဲ့ လွတ်မြောက်ရေး၊ တစ်ပါတီ အဆင်ပြေရင် ပြီးတာမျိုး မဟုတ်ဘူး။ လမ်းပေါ် ထွက် လူထုဆန္ဒပြခဲ့ချိန်တွေမှာ ၂၀၀၈ မအော်ပါနဲ့၊ ဖက်ဒရယ် မအော်ပါနဲ့ဆိုပြီး တားခံခဲ့ရတာတွေရှိပါတယ်။ အဲဒီချိန်ကတည်းက ကျနော်တို့က စစ်အာဏာရှင် ကို ပြုတ်ပြုတ်သွားသွားဘဲ တော်လှန်သလို အဲဒီလို တားမြစ်ပိတ်ပင်မှုတွေကိုလည်း ပြုတ်ပြုတ် သွားသွားဘဲ ပြောခဲ့တယ်။ နောင်အနာဂါတ်တိုင်းပြည်သစ်အတွက် လုပ်ရမှာဖြစ်တယ်ဆိုတာကို ပွင့်ပွင့်လင်းလင်း ပြောခဲ့ပြီးသားဖြစ်တယ်။

လက်ရှိအခြေအနေထိလည်း ကျနော်တို့ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်တွေဟာ လူမျိုးတစ်စု အတွက် မဟုတ်ဘူး၊ နေရာဒေသတစ်ခုအတွက် မဟုတ်ဘူး။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကို သွားမယ်ဆိုတဲ့ထိ ရည်မှန်းချက်ထားပြီး လုပ်ကိုင်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ လက်ရှိ မြေပြင်မှာ သွေးထွက်တဲ့ နိုင်ငံရေးကို ရွေးထားရတဲ့ အချိန်တွေမှာလည်း ဖက်ဒရယ်အင်္ဂါရပ်နဲ့ ကိုက်ညီတာတွေကို တွေးတောလုပ်ဆောင်နေဆဲဖြစ်ပါတယ်။

**တော်လှန်ရေး ကာလတလျှောက်မှာ ဖက်ဒရယ်နဲ့ ၂၀၀၈ ဖျက်သိမ်းရေး နဲ့ပတ်သက်ပြီး မလုပ်ပါနဲ့၊ မအော်ပါနဲ့၊ မပြောပါနဲ့လို့ ပြောခဲ့ကြသူတွေက လည်း အခုဆိုရင် ဖက်ဒရယ်ဆိုပြီး ပြောလာတာကို အများကြီးတွေ့လာ ရပါတယ်။ ပြဿနာက ဖက်ဒရယ်ရဲ့ အနှစ်သာရကို သိလို့ပြောတာမျိုး မဟုတ်ဘဲနဲ့ နိုင်ငံရေးလိုအပ်ချက်အရ ပြောလာတာဖြစ်နေတယ်။ သချာနားမလည်ဘဲ အပေါ်ကနေ အမိန့်ပေးချင်တာပေး၊ အောက်က လုပ်ချင်ရာလုပ်နေတဲ့ အနေအထားဖြစ်နေတယ်။ KNDF က စစ်တိုက်တဲ့ အလုပ်တစ်ခုဘဲ မဟုတ်ဘဲ ရဲဘော်တွေနဲ့ ပတ်ဝန်း ကျင်မှာရှိတဲ့ အသိုင်း အဝန်းကိုပါ ဖက်ဒရယ်နဲ့ပတ်သတ်ပြီး ပြန်ပြောပြနေရတဲ့ အနေအထား လည်း ရှိပါတယ်။**

**မေး - ကိုယ်ကိုယ်တိုင်ရော ဘယ်လိုဖက်ဒရယ်မျိုးကို ပိုလိုလားသလဲ။ ဖက်ဒရယ် လို့ပြောပြီး NUG မှ အောက်ခြေမှာ လုပ်ချင်တာလုပ်နေတဲ့အတွက်ကြောင့် အောက်ခြေမှာ တကယ် အလုပ်လုပ်နေရတဲ့ KNDF၊ PDF အတွက် ဘယ်လိုစိန်ခေါ်မှုမျိုးတွေ ကြုံတွေ့နေရသလဲ။ ကိုယ်ကိုယ်တိုင်ကရော ဘယ်လို ယုံကြည်မှုတွေနဲ့ တိုက်ပွဲဝင်နေသလဲ။**

ပထမ တစ်ချက်ကတော့ မြန်မာနိုင်ငံမှာက အားကိုးချင်စိတ်ရှိကြတာပဲ။ တစ်ယောက်ယောက်က လုပ်ပေးမှရမယ်ဆိုတဲ့ အတွေးမျိုးရှိသလို၊ ငါတို့ကလည်း သူများကို လုပ်ပေးလိုက်မယ်ဆိုတဲ့ အဲ့လိုအတွေးမျိုးရှိတယ်။ ဥပမာ - ဆန္ဒပြခဲ့တဲ့ အချိန်တွေမှာ တစ်ခုခုကိုပြောပြီး စောင့်ခိုင်းတယ်။ အဲဒါတွေက ကိုယ့်ပြဿနာကို သူများကလာပြီး ဖြေရှင်းပေးလိမ့်မယ်ဆိုပြီး စောင့်နေတာမျိုး။ တကယ်တမ်းက အဲဒီလိုမဖြစ်လာဘူးဆိုတာ တိုင်းရင်းသားတွေသိတယ်။ ကျနော်လည်း ကရင်နီပြည်ထဲမှာ ဆန္ဒပြတဲ့ထဲ ပါခဲ့တယ်။ ဘယ်တော့မှ R2P ဆိုတဲ့စာ မထုတ်ခဲ့ဘူး။ UN ကလာပြီ၊ American စစ်တပ်က လာပြီဆိုတဲ့ စကားတွေကို အများသောအားဖြင့် ဗမာလူမျိုးဆီကနေလာတယ်။ မဖြစ်နိုင်ဘူး ပြောလဲမရဘူး။ နောက်ဆုံးထိ ဒါတွေကို ဒေါ်အောင်ဆန်းစုကြည်က ပြင်ဆင်ခဲ့တယ်လို့ သူတို့ကပြောတယ်။ ပြင်ဆင်ခဲ့ရင် ဘာလို့ အာဏာသိမ်းခံရတာလဲပေါ့နော်။ မပြင်ခဲ့လို့၊ မလုပ်ခဲ့လို့ ဒါတွေဖြစ်တာပေါ့နော်။

ကျနော်တို့က သူများကိုလည်း အားကိုးသလို ကိုယ့်ကိုယ်ကိုလည်း အားကိုးစေချင်တယ်။ မြေပြင်စစ်တိုက်တဲ့သူတွေက ဖက်ဒရယ်ကို ယုံကြည်တယ်၊ ဒီမိုကရေစီဆိုတာကို ပွင့်လင်းတဲ့ ပတ်ဝန်းကျင်ကို အတိုင်းအတာတစ်ခုထိ မြင်ဖူးကြတဲ့ လူငယ်တွေဖြစ်တယ်။ တိုင်းရင်းသား ဒေသမှာ လက်နက်ကိုင် တိုက်နေတဲ့ လူငယ်တွေဘဲမဟုတ်ဘဲ ပြည်မမှာ တိုက်နေတဲ့ လူငယ်တွေလည်း ကိုယ့်ရဲ့ လုပ်ဆောင်နိုင်စွမ်းကို သိကြတယ်။ ပြီးတော့ သူတို့တွေ သိတယ်၊ လုပ်နိုင်တယ်ဆိုတာကိုလည်း ပြချင်တယ်။ NUG ကလွဲ၍ ဆိုပြီးတော့ ၁၀၀ ရာခိုင်နှုန်း အားကိုးလို့မရဘူး။ ကိုယ်ဖြစ်ချင်တဲ့ဟာ၊ ကိုယ်ရချင်တဲ့ အသီးအပွင့်ကို ကိုယ်ကိုယ်တိုင်ကလည်း ဖန်တီးယူရမှာ ဖြစ်တယ်။ အဲဒါကလည်း ဖက်ဒရယ်ရဲ့ အစိတ်အပိုင်း အင်္ဂါရပ်တွေဖြစ်တယ်။

KNDF က လက်နက်ကိုင်ပြီး ပြည်နယ်အတွင်း တော်လှန်ဖို့အတွက် စပြီးစဉ်းစားတဲ့ အချိန်မှာ NUG ကနေပြီး လက်နက်တွေ ပေးမယ်ဆိုတဲ့ အိမ်မက်မရှိဘူး။ သို့သော်လည်း NUG ကို ဂရုမစိုက်တာမျိုးမဟုတ်ဘူး။ သူ့အတိုင်းအတာတစ်ခုထိ လေးစားတယ်။ ဒါပေမဲ့ အဖြစ်နိုင်ဆုံး အရင်းအမြစ်တွေ ဘယ်မှာရနိုင်မလဲဆိုတာ ကျနော်တို့ သိတဲ့အတွက်ကြောင့် လုပ်ခဲ့တယ်၊ ရခဲ့တယ်။ အဲဒါကြောင့်လဲ စွပ်စွဲတာတွေ ရှိလာတယ်။ ကိုယ့်ဟာကိုလုပ်တယ်၊ ခွဲထွက်ဖို့လုပ်တယ်ဆိုပြီး။ ဒီလိုတွေးခေါ်ချက်တွေက အဓိပ္ပါယ်မရှိဘူး။ ကိုယ့်ပြည်နယ်တိုးတက်ဖို့အတွက်၊ လွတ်လပ်မှုအတွက်၊ တရားမျှတရေးအတွက် လုပ်တာကို ခွဲထွက်ရေးလို့ ပြောတယ်ဆိုရင် ဒါဟာ ဦးနှောက်မရှိတဲ့ ပြောဆိုမှုဘဲဖြစ်တယ်။ ဒါတွေကိုလည်း ပါတီကြီးတွေမှာရှိတဲ့ ရွေးကောက်ခံလူတွေက ပြောတာ။ အဲဒီလူတွေကလည်း ဖက်ဒရယ်နဲ့ ၂၀၀၈ ဆန့်ကျင်ရေးကို မအော်ဖို့ မပြောဖို့ တားခဲ့တဲ့လူတွေဘဲဖြစ်တယ်။ သို့သော် ဝမ်းသာပါတယ်။ လက်ရှိမှာ ဖက်ဒရယ်ဆိုပြီး ပါးစပ်ကနေပြောနေပြီပေါ့နော်။ လက်က ဖက်ဒရယ်လုပ်လာဖို့ကို ဆက်ပြီးတော့ တွန်းဖို့ လိုတာပေါ့နော်။

နောက်တစ်ခုက ဖက်ဒရယ် Army ဆိုတဲ့ ဂျင်းလဲမိပြန်တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ပြည်နယ်ရဲ့ ဝန်ကြီးချုပ်ကိုယ်တိုင်က ဖက်ဒရယ် Army ဖွဲ့ရအောင် ပြောတယ်၊ လူနည်းနည်းရှိတယ်ဆိုတဲ့ဟာမျိုး ပြောခဲ့တယ်။ အပြောဘဲရှိပြီး လက်တွေ့မရှိနေဘူး။

၂၀၀၈ ခြေဥကို ကိုင်စွဲချင်တဲ့ လူတစ်ချို့ရှိတယ်၊ စစ်တပ်အပြင် ၂၀၀၈ အောက် ရွေးကောက်ပွဲကနေ နိုင်တဲ့လူတွေလည်းရှိတယ်။ အခုချိန်ထိ ဆွေးနွေးတဲ့ နေရာတွေမှာလည်း တော်လှန်ရေးပြီးသွားတဲ့ အချိန်ကျရင် ဒီရွေးကောက်ပွဲကရတဲ့ရလဒ်ကို ဆက်ပြီး ကိုင်စွဲသွားရမယ်ဆိုပြီးပြောတယ်။ ကျနော်တို့က ဒါကို လက်မခံနိုင်ဘူး။ ဒီတော်လှန်ရေးဟာ စာမေးပွဲဘဲ။ သူတို့စာမေးပွဲအကုန်ကျတယ်။ နောက်ကွယ်ကနေ လုပ်ပေးနေပါတယ်၊ ပံ့ပိုးပေးတယ် ပြောတယ်။ နောက်ကွယ်ကနေ လုပ်စေချင်လို့ သူတို့ကို ရွေးချယ်ခဲ့တာမဟုတ်ဘူး။ အရှေ့ထွက်ပြီး လုပ်စေချင်လို့ ရွေးချယ်ခဲ့တာဖြစ်တယ်။ စစ်ဖြစ်နေတဲ့နေရာတောင် မလာရဲဘဲ ငါတို့က ရွေးကောက်ခံထားရတဲ့သူ၊ လူထုက ထောက်ခံထားတဲ့လူဆိုတာ အမှန်တကယ် လူထုက မသိလို့ လုပ်ခဲ့တာ။ အခုတော့ လူထုက သိသွားပြီ၊ လုပ်လို့မရတော့ဘူး။ ဖက်ဒရယ်ဒီမိုကရေစီဆိုပြီး အစည်းဝေးတွေမှာ ပြောနေပြီး ပြင်ပမှာ တလွဲလုပ်နေတာကိုတော့ ကျနော်တို့ လက်ခံမှာမဟုတ်ဘူး။ လူငယ်တွေက အသက်တွေပေးပြီး နေရာရရှိရေးအတွက် လုပ်နေတာတွေမရှိဘူး။ အဲဒါတာကြောင့် နိုင်ငံရေးကို ဦးဆောင်ပြီး လုပ်နေတဲ့လူတွေက အပြောနဲ့ လက်တွေ့ကိုက်နေဖို့လိုတယ်။ ကျနော်တို့ကို စိတ်ပျက်စေတာမျိုး မဖြစ်ဖို့လိုတယ်။

**ကျနော်တို့မှာ ခွဲထွက်ရေးဆိုတဲ့ဟာ မရှိဘူး။ သို့သော် နိုင်ငံရေးအရ တွန်းပို့လာရင် ဖက်ဒရယ်လို့ ပြောပြီးတော့ အဲဒါနဲ့မညီတဲ့ လုပ်ရပ်တွေ လုပ်လာခဲ့ရင်တော့ အခြား စဉ်းစားချက်ရှိကောင်း ရှိလာနိုင်မယ်။ ကိုယ့်ကို အနိုင်ကျင့်တာကို မကြိုက်လို့ တော်လှန်နေတဲ့ ကာလ ဖြစ်တယ်။ အဲဒါကို ထပ်ပြီးအနိုင်ကျင့်ခံရမယ်ဆိုရင်တော့ "Enough is Enough" ဘဲ။ ကိုယ့်ကိုလက်မခံတဲ့၊ အနိုင်ကျင့်တဲ့ အသိုင်းအဝိုင်းမှာ ဘယ်သူမှ မနေချင်ဘူး။ အဲဒီတော့ ကိုယ့်ဟာနဲ့ကိုယ်နေမယ်လို့ ဖြစ်လာခဲ့တဲ့အခါ ဒါဟာ တရားမျှတတဲ့ ဆုံးဖြတ်ချက်ဘဲဖြစ်တယ်။ ကိုယ့် ပြည်နယ်မှာရှိတဲ့ လူထုဘဝတွေရဲ့ လုံခြုံမှု၊ ယုံကြည် ချက်နဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေ ကိုက်ညီဖို့အတွက် ကိုယ့်ဟာကိုယ်တည်ဆောက်ရမယ့် အခြေအနေတွေ ဖြစ်နေတယ်။**

စစ်တပ်က တိုင်းရင်းသားအချင်းချင်း ပြန်တိုက်ခိုင်းနေတာတွေလည်းရှိတယ်။ တချို့အရာတွေကို ကျနော်တို့က ခွင့်လွှတ်တယ်။ ဒါပေမဲ့ မမေ့ဘူး။ NLD ခေတ်ကာလတုန်းကလည်း စစ်တပ်ကို ဘွဲ့တွေပေးတယ်၊ လူသတ်နေတဲ့ စစ်တပ်ကို နိုင်ငံတကာ ထိသွားပြီး ကာကွယ်တဲ့၊ ပြောတဲ့ စကားတွေကို မမေ့ဘူး။ ဒါတွေကို သဘောထား ကြီးကြီးထားပြီး မဆွေးနွေးပဲ၊ မပြောဘဲ ဆက်သွားနေကြတာဖြစ်တယ်။ သို့သော် မမေ့ဘူး ဆိုတာကို တိတိကျကျလေး သတင်းစကားပါးချင်တယ်။ ခင်ဗျားတို့က တောင်းပန်ရမယ့်လူတွေဖြစ်တယ်။

မဝီ၊ အတွင်းရေးမှူး (၂)၊ ဗဟိုကော်မတီအဖွဲ့ဝင်

မြန်မာနိုင်ငံမှာ နိုင်ငံရေးသမားလို့ ပြောနေတဲ့သူတွေမှာ မှားတာကို ဝန်ချတောင်းပန်တတ်တဲ့ အကျင့်မရှိကြဘူး။ လူငယ်တွေကတော့ အဲဒီလိုမဟုတ်ဘူး။ လူငယ်တွေကိုတော့ လျော့မတွက်ဖို့ လိုတယ်ပေါ့နော်။ ဒါကြောင့် လုပ်စရာရှိတဲ့အတိုင်း ဆက်သွားမယ်။ အဲဒါကို မရဘူးဆိုရင်တော့ အခြားသော စဉ်းစားချက်ကို လုပ်မှာဘဲဖြစ်တယ်။ အဲဒီအတွက်ကြောင့် တရားမျှတတယ်၊ မမျှတဘူးလို့ ဘယ်သူမှ ပြောပိုင်ခွင့်မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြည်ထောင်စုသစ် တည်ဆောက်တဲ့ အချိန်မှာ ကိုယ့်သွေးနဲ့ကို ရင်းပြီး တည်ဆောက်ရတာဖြစ်တယ်။ ဒါကြောင့် အခုဗမာအပါအဝင် တိုင်းရင်းသားတွေက သူ့ဟာသူ ကြိုးစားလုပ်ကိုင်နေကြတဲ့ဟာတွေကို အရမ်းသဘောကျတယ်၊ အရမ်းဂုဏ်ယူတယ်။ ဒုတိယ ဗိုလ်ချုပ်အောင်ဆန်း မလိုချင်ဘူး။ နေရာ အနှံ့အပြားမှာရှိနေတဲ့ လူငယ်ခေါင်းဆောင်တွေက တွန်းတွန်းတိုက်တိုက်နဲ့ ကိုယ့်နေရာနဲ့ ကိုယ်လုပ်ပြီး ဘုံနိုင်ငံရေး ရည်မှန်းချက်တွေ ပေါင်းစုပြီးတော့မှ ပြည်ထောင်စုသစ်မျိုးကို လိုချင်တာဖြစ်တယ်။

တော်လှန်ရေးလက်နက်ကိုင်ဖြစ်ဖြစ်၊ နိုင်ငံရေးပါတီ တစ်ခုဘဲဖြစ်ဖြစ် နေရာတကာလျှောက်သွားပြီး နေရာတကာလိုက်ပြီး ဦးဆောင်မှုဖြစ်ချင်တဲ့ဟာမျိုးကတော့ လက်ခံမှာ မဟုတ်တော့ဘူး။ အချို့သော Blind Support တွေရှိပြီး တော်လှန်ရေးမှာ ဘယ်လောက်ပါလဲ မေးခွန်းထုတ်ရမှာ ဖြစ်တယ်။ ဖြစ်ချင်တဲ့ ပြည်ထောင်စုကို သွေးနဲ့ခင်း ပြီးလုပ်နေတယ်။ အဲဒါကြောင့် အပြောနဲ့အလုပ် ညီနေဖို့ လိုတယ်။ လူငယ်တွေကို စိတ်မပျက်စေတဲ့ နိုင်ငံရေးဦးဆောင်မှု လမ်းပြမှုတွေလိုတယ်။ ၂၀၀၈ ဆိုတဲ့ဟာကို နောက်ပိုင်း ဘယ်နေရာမှာမှ မမြင်ချင်ဘူး။ ဖက်ဒရယ်ဒီမိုကရေစီဆိုတဲ့ ဟာကိုဘဲ မြင်ချင်တယ် ခံစားချင်တယ်၊ သွားချင်တယ်။ ဒါကြောင့် လူငယ်တွေဟာ ကျရာအခန်းကဏ္ဍကနေ တိုင်းပြည်သစ်တည်ဆောက်တဲ့နေရာမှာ ပါဝင်တည်ဆောက်သွားမယ့်သူတွေဖြစ်တယ်။

## မေး - တော်လှန်ရေး အောင်မြင်ဖို့အတွက် stakeholders (NUCC, NUG, ERO, CRPH) တွေကိုရော၊ ပြည်သူလူထုတွေကိုရော ဘာသတင်းစကားတွေပေးချင်လဲ။ ဘာလုပ်သင့်တယ်လို့မြင်လဲ။

ကိုယ်လိုချင်တဲ့ဟာကို အခုကတည်းက တစ်ခုချင်းစီ တည်ဆောက်သွားရမှာ ဖြစ်တယ်။ တော်လှန်ရေးအောင်မှဆိုရင် ဘယ်ချိန်အောင်မှာလဲ အာမခံချက်ကို ဘယ်သူမှ မပေးနိုင်ဘူး။ ကိုယ်ဖြစ်ချင်တာကို ကိုယ့်ဒေသတွေမှာ တစ်ခုချင်းစီ တည်ဆောက်ဖို့လိုတယ်။ ရဲရဲဝေဖန်ရမယ်၊ အမှားတွေကို ထောက်ပြရမယ်၊ ချီးကျူးစရာရှိရင် ချီးကျူးပြရမယ်။ မှားရင် မှားနေတယ်လို့ ပြော

ရဲရမယ်၊ မှန်ရင် မှန်နေတယ်လို့ ပြောရဲရမယ်။ တော်ရင် တော်တယ်လို လက်ခုပ်တီးပေးရမယ် ဒါတွေကို စွဲကိုင်ပါတယ်။ နောက်တစ်ခုကတော့ လူငယ်တွေဖြစ်တဲ့အတွက် တွေးခေါ်စဉ်းစား တတ်တယ်၊ အကြောက်တရားနဲ့ လာထိန်းချုပ်လို့မရတော့ဘူး။ တည့်တည့်ပြောရရင် NUG ပြောတိုင်း မှန်နေတယ်ဆိုတာ မရတော့ဘူးလို့ ထပ်ခါထပ်ခါ ပြောချင်ပါတယ်။ မေမေ ဘာလုပ် လုပ် မှန်ခဲ့တယ်ဆိုရင် အာဏာသိမ်းခဲ့တာလဲမှန်တယ်လို့ ဖြစ်သွားတယ်ပေါ့နော်။ အဲဒါကြောင့် ပွင့်လင်းတဲ့ လူ့အသိုင်းအဝိုင်းလိုချင်တာကြောင့် အားမနာဖို့ လိုတယ်။ ကောင်းသော ရည်ရွယ် ချက်နဲ့ ထောက်ပြဖို့လိုတယ်။ လက်တွေ့မှာလဲ အလုပ်လုပ်ပြဖို့ လိုပါတယ်။ ကျရာ နေရာကနေ အားလုံးလိုချင်တဲ့ အိမ်မက်ကို မရမကတော့ တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။

**Live Chat မှ မေးခွန်း**

**လူမျိုးအခြေပြုတဲ့ ဖက်ဒရယ်စနစ်ကို သွားမယ်ဆိုရင် အစွန်းရောက်စေပြီး အကွဲအပြဲတွေ ဖြစ်ပြီးတော့မှ လက်နက်ကိုင်ပဋိပက္ခတွေ ပိုဆိုးမလာနိုင်ဘူးလား။ တိုင်းရင်းသား လူနည်းစု တွေရဲ့ အခွင့်အရေးကို ပါဝင်နိုင်ဖို့အတွက် ပါဝင်ခွင့်ကို အာမခံတဲ့ ဖက်ဒရယ်စနစ်ပုံစံမျိုး ဘယ်လိုဖြစ်နိုင်မလဲ။**

လူမျိုးအခြေပြုတာ ကိစ္စမရှိဘူး။ လူမျိုးကြီးဝါဒ မဖြစ်ဖို့ဘဲလိုတယ်။ ဒါဆို ဘယ် လက်နက်ကိုင် အဖွဲ့အစည်းဖြစ်ဖြစ်၊ ကျနော်တို့ အချင်းချင်းကြားမှာ ဘာ ပြဿနာမှ မဖြစ်ဘူး။ ဘယ်တုန်းကမှလည်း မဖြစ်ခဲ့ဘူး။ သို့သော် စစ်တပ်နဲ့ ပေါင်းစားတဲ့ အဖွဲ့နဲ့ ဆိုရင်တော့ ဖြစ်မှာသေချာတယ်။ စစ်တပ်နဲ့ မပေါင်းစားဘူး ဆိုရင်တော့ ဘယ်တိုင်းရင်းသား အချင်းချင်းမှ ပြန်ပြီးချကြမှာတော့ မဟုတ်ပါ ဘူး။ အဲဒီတော့ တိုင်းရင်းသားအချင်းချင်းကြားထဲမှာလည်း လူမျိုးကြီးဝါဒ မဖြစ် ဖို့ဘဲလိုတယ်။ ဆိုတော့ လူမျိုးကြီးဝါဒဆိုတာ ဗမာမှာဘဲရှိတာမဟုတ်ဘူး၊ အင်္ဂလိပ်မှာဘဲ ရှိတာမဟုတ်ဘူး။ ဒါက စိတ်ဓာတ်ဖြစ်တယ်။ အဲဒါကို အခြား လူမျိုးမှာလည်း ရှိနေမယ်ဆိုရင်တော့ ပြဿနာကတော့ ရှိနေမှာဘဲ။ အဲဒီ အချက်က အဓိကကျတယ်၊ လုံးဝ မရှိရမယ့် အရာတွေဖြစ်တယ်။ အဲဒီလိုမရှိဘူး ဆိုရင်တော့ ခုနကလို မေးခွန်းမျိုးရှိလာမှာ မဟုတ်ဘူးပေါ့နော်။


မင်းဟန်ထက်
ဥက္ကဋ္ဌ (ဒဂုံတက္ကသိုလ်ကျောင်းသား သမဂ္ဂ)

**မေး - လူထုလှုပ်ရှားမှုကတဆင့် ကိုယ့်ယုံကြည်ရာ တော်လှန်ရေးပန်းတိုင်ကို ဘယ်လိုမျိုး မျှော်မှန်းထားလဲ။ ဘယ်လို ပန်းတိုင်မျိုးကို မြင်ချင်သလဲ။ ဗမာတစ်ယောက်ဖြစ်တဲ့အတွက် ဗမာကြားထဲမှာရော ဘယ်လို တော်လှန်ရေး ပန်းတိုင်ကို vision ထားသလဲ ဆိုတာကို ဖလှယ်ပေးပါ။**

တော်လှန်ရေးမှာ ကျနော်တို့ပါဝင်ရတဲ့ ရည်မှန်းချက်က ၂ ပိုင်းရှိတယ်။ ပထမတစ်ချက်က အာဏာမသိမ်းခင်ကာလမှာ ကျောင်းသားသမဂ္ဂက "ငါတို့က တော်လှန်ရေးတစ်ခု လိုနေပြီ" ဆိုတာကို ပြောမိကြတယ်။ နိုင်ငံရေးပြဿနာတွေကို လွှတ်တော်ထဲမှာ မဖြေရှင်းနိုင်ဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပစ်ဖို့နဲ့ အစအဆုံးပြန်ပြင်ပစ်ဖို့လိုတယ်၊ လွှတ်တော်ထဲနဲ့ နိုင်ငံရေးထဲမှာ စစ်တပ်ရဲ့ ပါဝင်မှုကို ဖယ်ရှားပစ်သွားဖို့လိုတယ်ဆိုတာကိုလည်း အားလုံးသိကြပါတယ်။ တန်းတူရေး၊ တိုင်းရင်းသားလူမျိုးတန်းတူရေး၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးဆိုတဲ့ ကိစ္စတွေ လုပ်ဖို့လိုတယ်ဆိုတာ သေချာတယ်။ ဒါပေမဲ့ လွှတ်တော်တွေ၊ လူထုလှုပ်ရှားမှုတွေ၊ ဆန္ဒပြပွဲတွေကနေ နိုင်ငံရေးအရ ဖြေရှင်းလို့မရဘူး။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီး တော်လှန်ရေး အားကောင်းစွာ ပေါက်ဖွားလာတဲ့အချိန်မှာ အာဏာမသိမ်းခင်က ပြဿနာတွေ၊ လွတ်လပ်ရေး ရပြီးကတည်းက မြစ်ဖျားခံလာတဲ့ တန်းတူမညီမျှမှုတွေကို ဒီတော်လှန်ရေးကနေပြီးတော့ အမြစ်လှန် ပြောင်းလဲပစ်ဖို့ဘဲ ပြောခဲ့ကြတယ်။

**ဒုတိယအချက်ကတော့**
**တော်လှန်ရေးပန်းတိုင်က စစ်အာဏာရှင်ဖြုတ်ချရေးတစ်ခုဘဲ မဟုတ်ဘူး၊ နိုင်ငံရေး ပြဿနာတွေကို ဖြေရှင်းပြီး တန်းတူညီမျှမှုကို သွားနိုင်ဖို့ပါ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး ဖြစ်လာတဲ့ ပြဿနာတွေက လူမျိုးစုတိုင်းရင်းသားတွေအတွက် နယ်မြေပိုင်းခြားမှု၊ တန်းတူညီမျှမှုတွေအပေါ်မှာ အခြေခံတယ်။ ပြည်တွင်းစစ်ကနေ စစ်အာဏာသိမ်းမှုအဆုံး ဒီလိုပြဿနာမျိုးစုံက ဖက်ဒရယ်ဖြစ်လားမဖြစ်ဘူးလား၊ ပြည်ထောင်စုအတုလားအစစ်လားဆိုတဲ့ ပြဿနာအပေါ်အခြေခံပါတယ်။ တိုင်းရင်းသားအားလုံးနဲ့ ဘုံရည်မှန်းချက်တူတဲ့၊ စိတ်ဆန္ဒပြင်းပြတဲ့ နိုင်ငံတော် စနစ်ကို တည်ဆောက်နိုင်ဖို့က ပန်းတိုင်ဖြစ်ပါတယ်။**

စစ်အာဏာရှင်ပြုတ်ကျသွားဖို့၊ အားလုံးသဘောတူ ဆန္ဒပြင်းပြတဲ့ စိတ်တူကိုယ်တူ နိုင်ငံတော် တည်ဆောက်ဖို့အတွက် လက်ရှိမှာ ဖက်ဒရယ်စနစ်နဲ့ တည်ဆောက်မယ်လို့ အားလုံးလက်ခံထားတဲ့သဘောမှာ ရှိတယ်။ ဒါပေမဲ့ ဖက်ဒရယ်စနစ်ထက် ပိုပြီးတော့ တည်ဆောက်ဖို့ တိုင်းရင်းသားအင်အားစုများက ဆန္ဒရှိမယ်ဆိုရင်လည်း သွားရဲဖို့ လိုပါတယ်။ တော်လှန်ရေး အပြီးမှာ တိုင်းပြည်မှာရှိနေတဲ့ တိုင်းရင်းသားလူမျိုးစုအားလုံး တကယ်စိတ်ဆန္ဒရှိတဲ့ နိုင်ငံရေး တည်ဆောက်မှုတစ်ခု တည်ဆောက်နိုင်ဖို့ပါဘဲ။ အဲဒီနိုင်ငံကလည်း တန်းတူညီမျှမှု၊ လူကိုလူလို ဆက်ဆံမှု၊ စတာတွေကို အာမခံမှုရှိဖို့ဖြစ်တယ်။ တော်လှန်ရေးရည်မှန်းချက်က အဲဒါဘဲလို့ ပြောလို့ပါတယ်။

**မေး - ကိုမင်းဟန်ထက်အနေနဲ့ကရော ဘယ်လိုဖက်ဒရယ်မျိုးကို တည်ဆောက်ချင်သလဲ။ လက်ရှိ စကစကနေ အတုအယောင် ငြိမ်းချမ်းရေး ဖိတ်ကြားချက်တွေမှာပါတဲ့ အဖွဲ့တွေလည်း ရှိကြပါတယ်။ ဒါဟာ တဖက်မှာ တိုင်းရင်းသားတွေကြား ယုံကြည်ချက် ပျက်ပြားစေသလို တဖက်မှာလည်း သူတို့ရဲ့ ငြိမ်းချမ်းရေး ရပ်တည်ချက်နဲ့ သွားတာလည်းဖြစ်နိုင်ပါတယ်။ လူငယ်တွေအနေနဲ့ကတော့ ရည်မှန်းချက်က ရှင်းပါတယ်။ ဒါပေမဲ့ တဖက်မှာ ၂၀၀၈ ပျက်ပျယ်ပြီးလို့ ပြောပြီးတော့မှ ဒီကနေ့ထိ ၂၀၀၈ ရလဒ်ကို ဆုတ်ကိုင်နေဦးမယ်ဆိုရင် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်လို့ ရပါ့မလား။**

ပထမဆုံးမှာ ဘယ်လိုပြည်ထောင်စုမျိုးကို လိုလားသလဲဆိုတဲ့ကိစ္စပေါ့။ လွတ်လပ်ရေးရပြီး ကတည်းက ပြည်ထောင်စုဆိုပြီး သုံးနှုန်းလာခဲ့တယ်။ ဒါပေမဲ့ ပြည်မမှာရှိနေတဲ့ ဗမာ တိုင်းရင်းသားအများစု ယုံကြည်လက်ခံထားတဲ့ ပြည်ထောင်စုအပေါ် အမြင်နဲ့ အချို့သော လူမျိုးစု တိုင်းရင်းသားတွေမှာ ရှိနေတဲ့အမြင်က မတူတာကို ကွဲကွဲပြားပြားတွေ့ရတယ်။ ပြီးခဲ့တဲ့ လပိုင်း တုန်းက စကစ က ရန်ကုန်ကနေပြီးတော့ အတုအယောင် ပြည်ထောင်စုဆိုတဲ့ ကမ်ပိန်း (လှုပ်ရှားမှု) တစ်ခုလုပ်ခဲ့တာရှိတယ်။ အဲဒီထဲမှာ စစ်ဘေးရှောင် ပြည်သူတွေကို မေးထားတဲ့ interview တွေ၊ နောက်ရန်ကုန်၊ မန္တလေး စတဲ့နေရာတွေက ပြည်ထောင်စုကို ဘယ်လိုမြင်သလဲ ဆိုတာကို မေးထားတဲ့ interview တွေ လုပ်ခဲ့တယ်။ အဲဒီမှာ အမြင်တွေ တော်တော်လေး ကွဲသွားတယ်။

ပြည်မမှာရှိတဲ့ လူတွေရဲ့ ပြည်ထောင်စုပေါ် မြင်တဲ့အမြင်က တိုင်းရင်းသား ပေါင်းစုံဝတ်စုံဝတ်ပြီး ပျော်ပျော်ပါးပါး လက်တွဲပြီးတော့ ပေါင်းစည်းနေထိုင်ကြတယ်ဆိုတာကို လက်ခံထားကြတာတွေ ရတယ်။ ဒါပေမယ့် တကယ်စစ်ဖြစ်နေတဲ့ ဒေသတွေမှာ ဖိနှိပ်ခံနေရတဲ့ ဒေသတွေမှာ ပြည်ထောင်စုဆိုတာကို လုံးဝ အယုံအကြည် မရှိတော့ဘူး။ ပြည်ထောင်စုဆိုတဲ့ အသုံးအနှုန်းကို လုံးဝ လက်မခံတော့ဘူး။

ကိုလိုနီခေတ်၊ လွတ်လပ်ရေးမရခင်နဲ့ ရပြီးလည်း ပြည်ထောင်စုက မရှိဘူး။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်ထောင်စုဆိုပြီး တိုင်းရင်းသားတွေနဲ့ စုပြီး လုပ်ခဲ့တယ်။ ပြည်ထောင်စုဖြစ်လာပြီး နောက်ပိုင်းမှာ အဲဒီ တွေမှာ အစိုးရ တော်တော်များများမှာ ဗမာနိုင်ငံရေးသမားတွေ ဖြစ်နေတယ်။ အဲဒီဗမာနိုင်ငံရေး သမားအများစုရဲ့ ဖိနှိပ်တာတွေ၊ ချိုးဖောက်တာတွေ စစ်တပ်နဲ့ ပလဲပနံဖြစ်သွားတဲ့ ကိစ္စတွေက တစ်ပြည်ထောင်စုစနစ်လိုလို ဘယ်လိုမှန်းမသိတဲ့ တိုင်းပြည်လိုလို ဖြစ်သွားတယ်။

မင်းဟန်ထက်၊ ဥက္ကဌ (ဒဂုံတက္ကသိုလ်ကျောင်းသား သမဂ္ဂ)

နောက်တစ်ခုက ၂၀၀၈ ဖွဲ့စည်းပုံထဲမှာ ပါနေတယ်။ ပြည်ထောင်စု မပြိုကွဲရေး ဆိုတဲ့ အချက်တွေက စစ်တပ်ကို စစ်အာဏာပိုပေးတဲ့အထိ သွားပြီး သက်ရောက်တယ်။ စစ်တပ်က ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် သူတို့တာဝန်ဖြစ်ကြောင်းနဲ့ ကာကွယ်စောင့်ရှောက်နေမယ်ဆိုတဲ့ သူတို့ရဲ့ နိုင်ငံရေးအရ အခန်းကဏ္ဍကို ဝိုင်းပြီး မြှင့်ပေးသလိုဖြစ်နေတယ်လို့ မြင်တယ်။

တော်လှန်ရေးအလွန်မှာ ထူထောင်မယ့် နိုင်ငံတော်သစ်ဟာ ဖက်ဒရယ်ပြည်ထောင်စုစနစ်နဲ့ဘဲဖြစ်ဖြစ် အခြားသောပုံစံနဲ့ဘဲဖြစ်ဖြစ် တည်ထောင်တဲ့နေရာမှာ အတင်းပူးတွဲပေးစားတာမျိုးမရဘူး။ coming together ဖြစ်ဖို့လိုတယ်။ coming together ဆိုတဲ့နေရာမှာလည်း ဒီတိုင်းရင်းသားအားလုံးသဘောတူတဲ့ မူတွေ (principle) နဲ့ သွားဖို့လိုတယ်။ ၂၀၀၈ ဖွဲ့စည်းပုံကို လက်မခံဘူး၊ ဖျက်ပစ်လိုက်ပြီလို့ ပြောရင် ၂၀၀၈ အတွေးအခေါ်ကိုလည်း ဖျက်ဆီးလိုက်ဖို့လိုတယ်။ ပြည်ထောင်စုသစ်ကို တည်ဆောက်တဲ့အချိန်မှာ လမ်းသစ်ဖောက်ဖို့လိုတယ်။ ရှင်းရှင်းလင်းလင်း ဖြစ်ဖို့လိုတယ်။ အရေးကြီးဆုံးအချက်မှာ အတူတကွ ပေါင်းစည်းလို့ မရနိုင်ဘူးဆိုရင် ခွဲထွက်ခွင့် သို့မဟုတ် Confederation စတဲ့အခြေအနေကို လက်ခံဖို့လိုတယ်။

လက်ရှိမှာ လူမျိုးကြီးဝါဒ၊ အမျိုးသမီးတွေ ဆွေးနွေးနေတာရှိတယ်။ အဲဒီနေရာမှာ အဆင့် ၂ ဆင့်ရှိတယ်လို့မြင်တယ်။ ပထမ တစ်ဆင့်မှာ သူကိုယ်တိုင်က ဖိနှိပ်နေတယ် (ဥပမာ - လူမျိုးကြီးဝါဒဆိုရင် သူကိုယ်တိုင် လက်ခံတာမျိုး။ ငါကိုယ်တိုင်က လူမျိုးကြီး ငါဖိနှိပ်ရမယ်။ ငါကိုယ်တိုင်က ယောကျ်ားဖြစ်တယ်၊ အမျိုးသမီးတွေအပေါ် ဖိနှိပ်ရမယ်ဆိုတဲ့ အမြင်ရှိတယ်)။ နောက်တစ်ဆင့်ကတော့ သူက မဖိနှိပ်သင့်ဘူးဆိုတာကိုတော့ လက်ခံတယ် (ဥပမာ - ငါတို့က တန်းတူတယ်၊ မဖိနှိပ်ဘူး၊ လက်ခံတယ်။ ယောကျ်ားတွေကလည်း အမျိုးသမီးတွေအပေါ်မှာ မဖိနှိပ်ဘူး လက်ခံတယ်) ဒါပေမဲ့ သူတို့ရဲ့ စိတ်ထဲမှာ guidance စိတ်ကျန်နေတယ် (ဥပမာ - ငါက အဖေနေရာကနေ ဘယ်လိုကောင်းအောင်

လုပ်ပေးရမလဲ၊ ကောင်းမယ်ထင်လို့ စီစဥ်ပေးမယ့်အခြေအနေရှိတယ်။

ဖိုဝါဒမှာဆိုလည်း အစ်ကိုလို အဖေလို ဘယ်လိုနေ ဘယ်လိုသွား စသဖြင့်ပေါ့)။ တော်လှန်ရေး ကာလမှာ ဗမာတွေ တော်တော်များများက သိမြင်လာကြပြီး ဒါကို တိုက်ထုတ်ရမယ်ဆိုတာတွေ သိလာတယ်။ သို့သော် ခုနက guidance စိတ်တွေ ရှိနေသေးမှာကို အင်မတန် စိုးရိမ်တယ်။ နောက် ပြည်ထောင်စု တည်ဆောက်တဲ့အချိန်မှာ တိုင်းရင်းသားတွေက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်တွေ၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နဲ့ လွပ်လပ်စွာ ဆုံးဖြတ်ခွင့်ကို ပေးဖို့လိုတယ်။ ပြီးတော့ ဆက်ပြီးတည်ဆောက်ဖို့လိုတယ်။

**မေး - တော်လှန်ရေး အောင်မြင်ဖို့အတွက် stakeholders (NUCC, NUG, ERO, CRPH) တွေကိုရော၊ ပြည်သူလူထုတွေကိုရော ဘာသတင်းစကား တွေပေးချင်လဲ။ ဘာလုပ်သင့်တယ်လို့မြင်လဲ။**

ပြည်သူကို တိုက်တွန်းရရင်တော့ ဝေဖန်ခြင်း၊ ထောက်ပြခြင်းဆိုတဲ့ ကိစ္စက အင်မတန်မှ အရေးကြီးတယ်၊ လုပ်ဖို့လိုတယ်။ လက်ရှိ ပြည်သူတွေအများစုက တော်လှန်ရေးရဲ့ အစိုးရဖြစ်တယ်ဆိုပြီး မဝေဖန် မထောက်ပြဘဲ NUG မှ တစ်ပါး အားကိုးစရာမရှိဆိုတဲ့ အတွေးအခေါ်မျိုးနဲ့ ငါတို့ သူတို့ကို ဝေဖန်လို့ မရဘူးဆိုတဲ့ ဟာကတော့ မှားနေတဲ့ကိစ္စပေါ့။ လွတ်လပ်ရေးယူတဲ့အခါမှ အလျင်အမြန် လုပ်ရ တဲ့ဟာတွေရှိတယ်။ ၁၉၄၇ ဖွဲ့စည်းပုံမှာဆိုလည်း မပြည့်စုံဘူး။ အကြမ်းအားဖြင့် ကောင်းတယ်လို့ပြောလို့ရတယ်၊ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ဖို့အတွက်တော့ မပြည့်စုံဘူး။ အဲဒီလိုဘဲ လွတ်လပ်ရေးရယူဖို့အတွက် လုပ်ရတာဖြစ်တယ်။ အဲဒီ နောက်ပိုင်း ပြည်တွင်းစစ်တွေဖြစ်လာတယ်။

လက်ရှိမှာ တော်လှန်ရေးအောင်ဖို့အဓိကဘဲ ကျန်တာမပြောသေးနဲ့ဦး၊ တော်လှန်ရေး ပြီးမှ လုပ်ဆိုရင် တော်လှန်ရေးအောင်ပြီးရင် တိုင်းရင်းသားလက်နက်ကိုင် အင်အားစု၊ PDF၊ အခြားသော လက်နက်ကိုင်တွေရှိတယ်၊ ဒီကြားထဲ လက်နက်

ကိုင်ပြီး အချင်းချင်း ပြန်တိုက်တာကို ဘယ်သူမှ မလိုလားပါဘူး။ အဲဒါကြောင့် ပြည်သူတွေအနေနဲ့ ထောက်ပြပါ၊ ဝေဖန်ပါဆိုတဲ့ကိစ္စမျိုးကို ပြောလိုတယ်။

NUG/NUCC အနေနဲ့က လုံးဝလွှတ်ချလိုက်ရမယ့် အတွေးခေါ်ဟောင်းတွေရှိတယ်။ ၂၀၂၀ ရွေးကောက်ပွဲရဲ့ လမ်းစဉ်သည် လက်ရှိမှာ နိုင်ငံတကာမျက်နှာစာကို တက်ဖို့အရေးကြီးတယ်၊ လိုအပ်တယ်ဆိုတာကို လက်ခံတယ်။ သို့သော် ဒါဟာ အချိန်ပြည့် တော်လှန်ရေးကာလ တော်လှန်ရေးအပြီးမှာလည်း ဆက်လက် ကိုင်တွယ်ထားရမယ့် ကိစ္စမဟုတ်ဘူး။ NUCC အနေနဲ့ အခင်းအကျဉ်းအသစ်ကို သွားနိုင်ဖို့လိုတယ်။ ပြည်သူတွေ အားမနာတမ်း ဝေဖန်ထောက်ပြဖို့လိုတယ်။ အဲဒါက ပိုကောင်းတဲ့လမ်းကိုသွားတာဖြစ်တယ်။ မဟုတ်ရင် နောက်ဆက်တွဲ ပြဿနာတွေ ခံရလိမ့်မယ်။ အခု NUCC နဲ့ NUG ထဲမှာ ရှိတဲ့သူက ရဲရဲတင်းတင်း နဲ့ လွှတ်ချပြီး သွားရမယ့်ကိစ္စလို့ တိုက်တွန်းလိုပါတယ်။

**မေး (Live Chat မှ)**

**လူမျိုးအခြေပြုတဲ့ ဖက်ဒရယ်စနစ်ကို သွားမယ်ဆိုရင် အစွန်းရောက်စေပြီး အကွဲအပြဲတွေ ဖြစ်ပြီးတော့မှ လက်နက်ကိုင် ပဋိပက္ခတွေ ပိုဆိုးမလာနိုင်ဘူးလား။ တိုင်းရင်းသား လူနည်းစုတွေရဲ့ အခွင့်အရေးကို ပါဝင်နိုင်ဖို့ အတွက် ပါဝင်ခွင့်ကို အာမခံတဲ့ ဖက်ဒရယ်စနစ်ပုံစံမျိုး ဘယ်လိုဖြစ်နိုင်မလဲ။**

တိုင်းပြည်ရဲ့ ပထဝီအနေအထားအရ မဖြစ်မနေ စဉ်းစားရမှာဖြစ်ပါတယ်။ အခုမှ မဟုတ်ဘဲ အရင်ကတည်းက ရှိလာတာဖြစ်တယ်။ အဲဒါတွေကို အမှန်တကယ်ဖြေရှင်းနိုင်ဖို့အတွက်၊ အချင်းချင်းကြားက ပြည်တွင်းစစ်ကို ချုပ်ငြိမ်းနိုင်ဖို့အတွက် တကယ်ကို အခြေခံပြီး စဉ်းစားရမှာဖြစ်တယ်။ ဒီလိုဖြေရှင်းလို့ လက်နက်ကိုင် ပဋိပက္ခ ပိုများတယ်ဆိုတာထက် လူမျိုးဆိုတဲ့ အရေးပေါ်မှာ ပိုစဉ်းစားပြီးတော့ အချင်းချင်းကြားထဲ ရင်ဘတ်ချင်းဖွင့်ပြီး ဆွေးနွေးခြင်းက လက်နက်ကိုင် ပဋိပက္ခတွေ၊ ပြည်တွင်းစစ်ကို ရှောင်လွဲနိုင်ဖို့လို့ မြင်ပါတယ်။


ငြိမ်းငြိမ်းမြည့်
လူငယ်တစ်ဦး - မြန်မာ့နွေဦးတော်လှန်ရေး

**မေး - ဒီနေ့ နွေးဦးတော်လှန်ရေးမှာ လူထုအလွှာပေါင်းစုံ၊ အမျိုးသမီးတွေ၊ LGBT တွေ ပါဝင်နေပေမယ့်လည်း လက်တွေ့ဦးဆောင်တဲ့ အခန်းကဏ္ဍတွေမှာ လူငယ်နဲ့ အမျိုးသမီးတွေပါဝင်မှု မရှိသေးဘူးလို့ ပြောလို့ရပါတယ်။ ကိုယ်တိုင်ကလဲ ပြီးပြည့်စုံတဲ့ တန်းတူရေးကို လိုချင်တာဖြစ်တဲ့အတွက်ကြောင့် တော်လှန်ရေးပန်းတိုင်ကို ဘယ်လိုမြင်ချင်သလဲ။ ဘာကြောင့် LGBT တွေရဲ့ ပါဝင်မှုတွေ အမျိုးသမီးတွေရဲ့ ပါဝင်မှုတွေက ဒီတော်လှန်ရေးအတွက် အရေးပါတယ်လို့ ယူဆသလဲဆိုတာကို သုံးသပ်ပေးပါ။**

ဒီနေရာမှာ တော်လှန်ရေးပန်းတိုင်၊ တော်လှန်ရေးနိုင်မှု တော်လှန်ရေးပြီးမှုဆိုတာနဲ့ပတ်သက်လို့ ဘယ်နေရာ ဘယ်အတိုင်းအတာ ဘယ်လိုဆိုရင် တော်လှန်ရေးပြီးပြီ၊ ပန်းတိုင်ရောက်ပြီလို့ခေါ်မလဲ ဆိုတဲ့အပေါ် အမြင်အမျိုးမျိုး ရှိနေနိုင်ပါတယ်။ ဥပမာ - ဖက်ဆစ်တပ်က ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်၊ ရွေးကောက်ပွဲရလဒ်လက်ခံ၊ လွှတ်တော်ခေါ်ဆိုတဲ့ "စုရွှေးလွှတ်" မူကို NLD နိုင်ငံရေးသမားတွေအနေနဲ့ ကိုင်စွဲထားခဲ့တာ ရှိပါတယ်။ (၁၉၈၈) အရေးတော်ပုံကြီး ဖြစ်ပေါ်ပြီးနောက် ၂၀၁၂ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ NLD ပါတီက ဖက်ဒရယ်နှမ်းဖြူး အတုအယောင် ဖားတပိုင်းငါးတပိုင်း ဒီမိုကရေစီအရေခြုံထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်ကို ဝင်သွားခဲ့ပြီး ဖက်ဆစ်စစ်တပ်ဦးဆောင်တဲ့ ဒီမိုကရေစီအကူးအပြောင်း ဆယ်နှစ်တာကာလကို ရွေးကောက်ပွဲတွေနဲ့ လွှတ်တော်တက်ခဲ့ပါတယ်။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ ဖက်ဆစ်စစ်တပ်နဲ့ ရင်ကြားစေ့ရင်း လွှတ်တော်တွင်းကနေ တဆင့်သော်လည်းကောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကနေ တဆင့်သော်လည်းကောင်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို တဖြည်းဖြည်း ပြင်ဆင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဆိုတော့ ဒီနိုင်ငံမှာ နိုင်ငံရေးခေါင်းဆောင်တွေဟာ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေအောက်က ရွေးကောက်ပွဲနဲ့ လွှတ်တော်လမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းခဲ့ဖူးပြီးပါပြီ။ ဒါပေမဲ့ အဲဒီလမ်းကြောင်းက မအောင်မမြင် ဖြစ်သွားပြီးပါပြီ။

တော်လှန်ရေးပန်းတိုင် မရောက်သလို၊ အာဏာသိမ်း ဖက်ဆစ်စစ်ကောင်စီ ပြုတ်ကျရုံတခုတည်းနဲ့လည်း တော်လှန်ရေးပန်းတိုင်ရောက်ပြီလို့ မသတ်မှတ်နိုင်ကြောင်းကို ရှင်းရှင်းလင်းလင်းရှိနေကြဖို့လိုပါတယ်။ ဒါကြောင့်ပဲ ဒီတော်လှန်ရေးဟာ စစ်တပ်နဲ့ NLD ကြားအာဏာလွန်ဆွဲပွဲ တစ်ပွဲမျှသာ မဟုတ်ဘူး၊ ဒါဟာ လူများစု ဗမာနိုင်ငံရေးအီလစ်တွေကြားထဲက အာဏာလွန်ဆွဲပွဲမျှသာ မဟုတ်ဘူးဆိုတာကိုစစချင်းမှာ ကျမတို့ ပြောခဲ့ကြပြီးပြီ။ ကျမတို့ နွေဦးတော်လှန်ရေးဟာ “စုရွေးလွှတ်” ထက် ပိုမြင့်မားကျယ်ပြန့်တဲ့ “စစ်အာဏာရှင်စနစ်နဲ့အာဏာရှင်စနစ် ပုံသဏ္ဍာန်အားလုံးကို အမြစ်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ထောင်ရေး” ဆိုတဲ့ ဘုံမျှော်ရည်ချက်ကိုကိုင်စွဲတိုက်ပွဲဝင်နေကြပါတယ်။

ဒါကြောင့်လည်းပဲ ဗမာမဟုတ်တဲ့ လူမျိုးစုတော်လှန်ရေး အင်အားစုကြီးတချို့နွေဦးတော်လှန်ရေးမှာ ကျားကန်ပါဝင်ကြတာဖြစ်ပါတယ်။ ဒါဟာ လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီ (GSCN) အပါအဝင် တောင်တန်းမြေပြန့်တော်လှန်လူငယ်ထုကြီးက သပိတ်မြေပြင်မှာ ဦးဆောင်ကြွေးကြော်လမ်းဖော်ခဲ့ပြီး နောက်ပိုင်းမှာ NLD ကလည်း အတူကြွေးကြော်လာတဲ့ ဘုံမျှော်မှန်းချက်ဖြစ်ပါတယ်။ မတရားသဖြင့် ဖမ်းဆီးခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွနိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်အောင်လုပ်ရမှာဖြစ်သလို တရားမျှတမှု ဆောင်ကြဉ်းရမှာလည်းဖြစ်ပါတယ်။ ဒါပေမဲ့ စုရွေးလွှတ်ဆိုတဲ့မူကဒီပြည်ထောင်စုအရေးနဲ့ယှဉ်ရင် ကျဉ်းမြောင်းတယ်၊ အစုအဖွဲ့တခုစာသာဖြစ်နေပါတယ်။

**ငြိမ်းငြိမ်းပြည့်၊ လူငယ်တစ်ဦး - မြန်မာ့နွေဦးတော်လှန်ရေး**

စစ်အာဏာရှင်စနစ်နဲ့ အာဏာရှင်စနစ်ပုံသဏ္ဌာန်အားလုံးကို အမြစ်ဖြုတ်ရေး၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုရေး ဆိုတာကတော့ - ကျယ်ပြန့်တယ်၊ မြင့်မားတယ်၊ ပြည်ထောင်စုသားအားလုံး အစုအဖွဲ့အားလုံးနဲ့ အနာဂတ်မျိုးဆက်တွေ ရေရှည်အကျိုးအတွက် ဖြစ်ပါတယ်။ အခုဆိုရင် ဒီနိုင်ငံသမိုင်းတလျှောက် ဖက်ဒရယ်ဆိုတာကို သိပ်မရင်းနှီးခဲ့တဲ့ နိုင်ငံအလယ်ပိုင်း မြေပြန့်အညာဒေသ ကျေးလက်တောရွာတွေအထိ ဗမာလူထုရဲ့ သပိတ်တွေမှာ ဖက်ဒရယ် ကြွေးကြော် သံနဲ့ နေ့စဉ်တိုက်ပွဲဝင်နေကြတာဟာ သမိုင်းဝင်အရွေ့ကြီးတစ်ခုပါပဲ။

**ကျမတို့ မျှော်မှန်းတိုက်ပွဲဝင်နေတဲ့ တော်လှန်ရေးပန်းတိုင်ဆိုတာက စုံလင်ကွဲပြားတဲ့ ကျမတို့ လူ့အဖွဲ့အစည်းမှာ လူမျိုးဘာသာဝါဒ ကျား – မ၊ ကြီး၊ ငယ်၊ မခွဲခြားဘဲ အတူတကွယှဉ်တွဲနေထိုင် နိုင်ကြမယ့် တရားမျှတ တန်းတူညီမျှ လွတ်လပ်လုံခြုံ ငြိမ်းချမ်းတဲ့ နေချင့်စဖွယ် လူ့အဖွဲ့အစည်း သစ်တခုဖြစ်ရေးဆိုတဲ့ ပန်းတိုင်အတွက်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်ဆိုတာကတော့ အဲဒီပန်းတိုင်ဆီ သွားတဲ့ လမ်းကြောင်းတခုဖြစ်ပါတယ်။**

အကယ်၍ အတူတကွယှဉ်တွဲပြီးနေလို့ ဘယ်လိုကြိုးစား ကြိုးစား အဆင်မပြေကြဘူးဆိုတဲ့ တစ်နေ့ရောက်ရင်တော့လည်း အဆင်ပြေနိုင်မယ့် အခြားလမ်းကြောင်းများပေါ့။ ဒီအတွက်လည်း ဒီကနေ့ခေတ် တော်လှန်လူငယ်ထုကြားမှာ တံခါးဖွင့်အတွေးအမြင်တွေ ရှိနေကြတာကို တွေ့ရပါတယ်။

တော်လှန်ရေးအတွက် အမျိုးသမီးနဲ့ LGBT တွေ ပါဝင်ဖို့အတွက် ဘယ်လောက်အရေးပါသလဲဆိုရင် နိုင်ငံအတွင်းမှာ ဖိုဝါဒကြီးစိုးမှု၊ စစ်ဝါဒ၊ ဘာသာရေး၊ လူမျိုးရေး၊ လက်ယာစွန်အမျိုးသားရေးဝါဒတွေနဲ့ အပြန်အလှန် အမှီသဟဲ ပြုပြီးတည်ရှိနေတာပါ။ ဖက်စစ်စစ်တပ် Institution သက်ဆိုးရှည်အောင် အထောက်အကူပြုနေတဲ့ ယန္တရားအစိတ်အပိုင်းတစ်ခုကြီးလဲ ဖြစ်ပါတယ်။ နိုင်ငံတွင်းမှာလည်း နှစ်ရာချီ အိုမင်းနေပြီဖြစ်တဲ့ ခေတ်ဟောင်းက အတွေးအခေါ်ဟောင်းတွေနဲ့ ရေးဆွဲခဲ့တဲ့ ကိုလိုနီခေတ် ဥပဒေဟောင်းကို အများအားဖြင့် ဆက်ကျင့်သုံးနေတာဖြစ်ပါတယ်။ LGBT အတွက် ကာကွယ်တဲ့ဥပဒေမရှိတဲ့အပြင် ခွဲခြားဆက်ဆံမှုများတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါတွေကို ပြောင်းလဲပြီး ပိုကောင်းမွန်တဲ့ အားလုံးပါဝင်တဲ့ တရားမျှတ၊ တန်းတူညီမျှ၊ လွတ်လပ်လုံခြုံငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းသစ်တစ်ခုကို တည်ဆောက်ကြရမှာပါဘဲ။

နွေဦးတော်လှန်ရေးမှာလည်း အလွန်အန္တရာယ်များတဲ့ သပိတ်တွေမှာ LGBT နဲ့ အမျိုးသမီးတွေ၊ သက်တန့်အရောင်အလံတွေနဲ့ ထဘီအလံတွေကိုလည်း မြင်တွေ့နေရပါတယ်။ ဖက်ဒရယ် principle မှာလည်း အမျိုးသမီး ၃၀ % ပါဝင်ရေး ပါနေတာကို တွေ့ရပြီး NUCC နဲ့ NUG ကလည်း အဲဒီအရာကို အရင်ဆုံး လေးစားလိုက်နာပြဖို့ လိုပါတယ်။ ၃၀% ပါဝင်ရေးဆိုပြီးတော့ အမျိုးသမီးနဲ့ LGBT တွေကို လက်ထောက်အကူနေရာတွေမှာပဲ ထားနေဦးမယ်ဆိုရင် ဖိုဝါဒ ဆက်ပြီး ကြီးစိုးနေဦးမှာပါဘဲ။ အားလုံးနဲ့ဆိုင်တဲ့ တော်လှန်ရေးမှာ နိုင်ငံရေးအရ တန်းတူ ဆုံးဖြတ်ချက်ချခွင့်ကို လေးစားဖို့ လိုအပ်ပါတယ်။ လက်ရှိ NUG မှာ လူ့အခွင့်အရေးဝန်ကြီးဌာန ရှိတာ၊ LGBT တစ်ယောက်က ဝန်ကြီးဖြစ်တာဟာ လူ့အဖွဲ့အစည်းထဲမှာ ပထမဆုံး တိုးတက်ကောင်းမွန်တဲ့ အရွေ့တစ်ခုပါဘဲ။

**မေး - လူတိုင်းပါးစပ်ဖျားကနေ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်မယ်ပြောကြတယ်၊ လက်တွေ့မှာ ဘယ်လို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်မျိုးကို တည်ဆောက်ချင်တာလဲဆိုတာနဲ့ပတ်သက်ပြီး လူငယ်ကြားထဲမှာ ဘယ်လိုတွေ အမြင်ရှိကြသလဲ။ လက်တွေ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်တဲ့ အခါမှာ မဟာလူမျိုးကြီးဝါဒကို စွဲကိုင်ထားနေမယ်ဆိုရင် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ဖို့ ဖြစ်နိုင်ပါ့မလား။ ဗမာတိုင်းရင်းသားတွေကရော ဘယ်လို ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ချင်သလဲ ဆိုတာကို သုံးသပ်ဖလှယ်ပေးပါ။**

ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဆိုတာကတော့ စုံလင်ကွဲပြားတဲ့ ကျမတို့လူ့အဖွဲ့အစည်းမှာ လူမျိုး၊ ဘာသာ၊ ဝါဒ၊ ကျား-မ၊ ကြီး၊ ငယ် ခွဲခြားဆက်ဆံမှုမရှိဘဲ ပြည်ထောင်စုတခုအဖြစ် အတူတကွယှဉ်တွဲနေထိုင်နိုင်ကြမယ့် တရားမျှတ တန်းတူညီမျှ လွတ်လပ်လုံခြုံငြိမ်းချမ်းတဲ့ နေချင့်စဖွယ်လူ့အဖွဲ့အစည်းသစ်တခုဖြစ်ရေးဆိုတဲ့ ပန်းတိုင်ဆီရောက်ဖို့အတွက် လမ်းကြောင်းတခု ဖြစ်ပါတယ်။ အကယ်၍ အတူတကွယှဉ်တွဲပြီးနေလို့ ဘယ်လိုကြိုးစား ကြိုးစား အဆင်မပြေကြဘူး ဆိုတဲ့တနေ့ ရောက်ရင်တော့လည်း အဆင်ပြေနိုင်မယ့် အခြားလမ်းကြောင်းများပေါ့။ ဒီအတွက်လည်း ဒီကနေ့ခေတ် တော်လှန်လူငယ်ထုကြားမှာ တံခါးဖွင့်အတွေးအမြင်တွေ ရှိနေကြတာကို တွေ့ရပါတယ်။

ကျမတို့ဟာ ဒီမိုကရေစီကို လိုအပ်ပါတယ်။ ဒါပေမဲ့ ဖက်ဒရယ်စနစ်မလုပ်ဘဲ ဒီမိုကရေစီတခုတည်းနဲ့ ဒီပြည်ထောင်စုရဲ့ ပြဿနာကို မဖြေရှင်းနိုင်ဘူးဆိုတာက လည်း သက်သေအမြောက်အမြားရှိပါတယ်။ ဒါ့အပြင် ကျမတို့နိုင်ငံဟာ အမေရိကန်၊ ဂျာမနီ၊ ကနေဒါ အစရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုတွေနဲ့ သမိုင်းဖြစ်စဉ်ချင်း context ချင်း မတူဘူးဆိုတာကိုလည်း သတိပြုရပါမယ်။ ဒါကြောင့် ဒီပြည်ထောင်စု ဖြစ်တည်မှု ပကတိအနေအထားနဲ့ ကိုက်ညီမယ့်၊ လူမျိုးစုတော်လှန်ရေးအင်အားစုတွေက လက်ခံနိုင်တဲ့ တန်းတူရေးရှိမယ့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမျိုးကို ဖန်တီးတည်ထောင်ရမှာဖြစ်ပါတယ်။ ဒီအတွက် ဗမာနဲ့တကွ ဗမာမဟုတ်တဲ့လူမျိုးစု တော်လှန်ရေးအင်အားစုတွေရဲ့ တန်းတူရေးဆန္ဒကို ထင်ဟပ်တဲ့ ပြည်ထောင်စု သဘောတူညီချက်နဲ့ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာ ပြည်တွင်းစစ် နှစ်ရာချီနီးပါးကြာ ဖြစ်ပွားနေရခြင်းရဲ့ အကြောင်းရင်းဇစ်မြစ်ကို တလုံးတည်းချုပ်ပြောရရင် တန်းတူမှု မရှိလို့ပါပဲ။ (၁၉၄၇) ခုနှစ် ပင်လုံစာချုပ် ချုပ်ချိန်အထိ ဒီနိုင်ငံဟာ ပြည်ထောင်စု မဟုတ်ခဲ့သလို တပြည်ထောင်လည်း မဟုတ်ခဲ့ဘူး ဆိုတာကို ကျမတို့ အနေနဲ့ သမိုင်းနဲ့ပဋိပက္ခဇစ်မြစ်တွေကိုကြည့်ရင် သိနိုင်ပါတယ်။ မြန်မာက ပြည်ထောင်စုဖြစ်ခြင်းဆိုတာဟာ မျက်နှာစာအပြင်ပန်းသာပါပဲ။ ၁၉၄၈ ခုနှစ်မှာ နိုင်ငံလွတ်လပ်ရေးရတဲ့ တချိန်တည်းမှာပဲ ပြည်တွင်းစစ် မွေးဖွားခဲ့တာ အခုအချိန်ထိပါပဲ။ ဗမာမဟုတ်တဲ့လူမျိုးစုတွေဟာ ပြည်ထောင်စုတခုအဖြစ်နဲ့ ဒီနိုင်ငံရဲ့ ပူးတွဲတည်ထောင်သူတွေ (Stakeholder) ဖြစ်ကြပေမယ့်လည်း သူတို့ဟာ နိုင်ငံလွတ်လပ်ရေးရပြီးနောက်မှာ ဗမာကြီးစိုးတဲ့အစိုးရအဆက်ဆက် ဗဟိုချုပ်ကိုင်တဲ့ တပြည်ထောင်အုပ်ချုပ်ရေးစနစ်အောက် ကျရောက်ခဲ့ကြပါတယ်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တရုတ်ဖြူတိုက်ပွဲဆိုတာကလွဲရင် မြန်မာနိုင်ငံဟာ ဘယ်ပြည်ပကျူးကျော်စစ်ရန်မှ မရှိပေမယ့် အစိုးရအဆက်ဆက်လက်ထက် စစ်တပ်အတွက် ဘတ်ဂျတ်အများဆုံး သုံးခဲ့ကြပါတယ်။ အဲဒီအများဆုံး ဘတ်ဂျတ်တွေနဲ့ စစ်လက်နက်မှန်သမျှဟာ ဗမာမဟုတ်တဲ့ လူမျိုးစုတွေနဲ့ ပြည်နယ်တွေအပေါ် ပြည်တွင်းစစ်တိုက်ပြီး ဖိနှိပ်ရက်စက်သတ်ဖြတ်မှုတွေ ကျူးလွန်ဖို့သာ ဖြစ်နေခဲ့ပါတယ်။ စစ်တပ်ရဲ့တိုက်ပွဲဝင်ဘွဲ့တံဆိပ်တွေဆိုတာဟာလည်း ဒီပြည်ထောင်စုသား ဗမာမဟုတ်တဲ့ လူမျိုးစုတွေကို ဖိနှိပ်တိုက်ခိုက်သတ်ဖြတ်လို့ ရနေခဲ့ကြတာတွေချည်းပဲ ဖြစ်ပြီး စစ်အာဏာသိမ်းခါနီးဆဲဆဲမှာတောင် NLD အရပ်သားအစိုးရက ဖက်ဆစ်တပ်ကို ဘွဲ့တံဆိပ်တွေပေးတာ ရှိခဲ့ပါသေးတယ်။

> ရာစုနှစ်ချီ နိုင်ငံရေးအရ၊ လူမှုရေးအရ၊ စီးပွားရေးအရ၊ ပညာရေးအရ၊ လူမျိုးစုရေးအရ ဒီလူ့အဖွဲ့အစည်းကို စစ်တပ်အင်စတီကျူးရှင်းနဲ့ အစိုးရအဆက်ဆက်က ဖျက်ဆီးခဲ့ပါတယ်။ ဖိုဝါဒ၊ စစ်ဝါဒ၊ လူမျိုးကြီးဝါဒနဲ့ လက်ယာစွန်း အမျိုးသားရေးဝါဒအပေါ်မှာ အခြေပြုရပ်တည်နေကြပြီး သူတို့ရဲ့အဲဒီအယူဝါဒသွပ်သွင်းမှုတွေကို နိုင်ငံတဝှမ်း အတင်းအဓမ္မ ဝါဒဖြန့်ယန္တရားကြီးနဲ့ စနစ်တကျ ဆယ်စုနှစ်ပေါင်းများစွာ လုပ်ခဲ့ကြပါတယ်။ အဲဒီလို သမိုင်းတလျှောက် လူမျိုးရေးအရ စနစ်တကျဖိနှိပ်မှုတွေနဲ့ တန်းတူမှုမရှိခြင်းတွေကြောင့် လူမျိုးဝါဒတွေ တန်ပြန်တုံ့ပြန်ပေါက်ဖွားလာခဲ့တာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမတိုင်ခင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုတွေကို ကြည့်ရင်လည်း အဲဒါဟာ စစ်တပ်အင်စတီကျူးရှင်းနဲ့ NLD ပါတီကြား ဗမာနိုင်ငံရေးအီလစ်တွေကြားက ရင်ကြားစေ့မှုတခုမျှသာ ဖြစ်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ အရပ်သားတပိုင်း စစ်တပိုင်း စပ်ကြားအစိုးရတွေရဲ့အောက်မှာ ချွတ်ယွင်းအားနည်းတဲ့ လွတ်လပ်မှုရယ် ဒီမိုကရေစီရယ်နဲ့ အကြမ်းဖျဉ်းအားဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဆယ်စုနှစ်တခုရှိခဲ့ပါတယ်။ ဖြေလျော့မှုနဲ့ ပြုပြင်ပြောင်းလဲမှုခွင့်ပြုတဲ့ကာလဟာ အကြမ်းဖျင်း ဆယ်စုနှစ်တခု ရှိခဲ့ပေမယ့် တကယ်စစ်မှန်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမဟုတ်ခဲ့ဘူး။ အဲဒီ ဒီမိုကရေစီနဲ့လွတ်လပ်မှုဟာ နိုင်ငံရဲ့အလယ်ပိုင်း ဒေသတွေမှာသာ ဖြစ်ပေါ်ခဲ့တယ်။ လူများစုနိုင်ငံရေးပါတီ NLD က စစ်တပ်နဲ့ပြန်လည်သင့်မြတ်ရေးကို ဦးစားပေး အလုပ်ရှုပ်နေချိန်မှာ လူနည်းစုတွေအပေါ် မတော်မတရား အမှားမှားအယွင်းယွင်း ဆက်ဆံခဲ့တာကြောင့် ပြည်တွင်းပြည်ပနှစ်ရပ်စလုံးမှာ မယုံကြည်မှုနဲ့ မဟာမိတ်ထောက်ခံအားပေးမှု အကွဲအပြဲတွေ အကျိုးဆက်ရလဒ်တွေ ဖြစ်ပေါ်ခဲ့တယ်။

ဆက်လက်ဖြစ်ပွားနေတဲ့ ရက်စက်ယုတ်မာကြမ်းကြုတ်မှုတွေ၊ ဆက်လက်ဖြစ်ပွားနေတဲ့ ပြစ်ဒဏ်ကင်းလွတ်မှု (Impunity)၊ ဆက်လက်ဖြစ်ပွားနေတဲ့ မညီမျှမှု မတရားမှုတွေ၊ လူမျိုးစုပြည်နယ်တွေမှာ ဆက်လက်ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေ၊ လုပ်ငန်းစဉ်အဆင့် ရှေ့နောက် ဇောက်ထိုးလွဲပြီး မအောင်မြင်တဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှု၊ တကယ်ပြည့်စုံတဲ့ လွတ်လပ်မှုနဲ့ ဒီမိုကရေစီကင်းမဲ့မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ ၂၀၂၁ အာဏာမသိမ်းခင်ကတည်းက ဒီနိုင်ငံမှာ ရှိနေခဲ့တာပါ။ ဒီလိုနိုင်ငံရေး အခင်းအကျင်းမှာ စစ်တပ်အင်စတီကျူးရှင်းက အကြွင်းမဲ့အာဏာကို ထပ်သိမ်းဖို့ကြိုးစားခဲ့တယ်။ ရာစုနှစ်တခုစာနီးပါး ဒဏ်ခတ်မခံရခြင်း Impunity ကို ပျော်ပါးခံစားပြီးနောက် ဒီစစ်တပ်အင်စတီကျူးရှင်းဟာ အခုဆိုရင် ဗမာဗဟိုချက်မဒေသ အလယ်ပိုင်းမြေနိမ့်ဒေသတွေနဲ့ မြို့ပြဧရိယာတွေမှာလည်း အလွန်ဆိုးရွားတဲ့ ရက်စက်ကြမ်းကြုတ်ယုတ်မာမှုတွေကို ကျူးလွန်ဖို့ မဆိုင်းတွ ဝန်မလေးတော့ပါဘူး။ ၂၀၂၁ အာဏာသိမ်းမှုနောက်မှာတော့ ဗမာမဟုတ်တဲ့ လူမျိုးစုတွေ ရာစုနှစ်တခုစာနီးပါး ခံစားနေခဲ့ကြရတဲ့ တိုက်ရိုက်ဖိနှိပ်ချုပ်ချယ်မှုနဲ့ ရက်စက်ကြမ်းကြုတ်ယုတ်မာမှုတွေကို လူများစုဗမာတွေ အညာဒေသမှာ အခုခံစားနေကြရပါပြီ။

လက်ရှိ နွေဦးတော်လှန်ရေးမှာ EAOs တချို့ တိုက်ရိုက် မပူးပေါင်းကြသေးပေမယ့် တချို့EAOs တွေကတော့ NUCC၊ NUG၊ CRPH အဖွဲ့ဝင်တွေကို သူတို့နယ်မြေတွေမှာ အိမ်ရှင်အဖြစ် လက်ခံထားကြပြီး တော်လှန်ရေး တပ်အင်အားစု အသစ်တွေကို စစ်ဘက်ဆိုင်ရာသင်တန်းတွေ ပေးနေကြပါတယ်။ နိုင်ငံ့အလယ်ပိုင်း ဗမာဒေသတွေကနေ နယ်စပ်ဒေသက လူမျိုးစုပြည်နယ်တွေဆီကို တိမ်းရှောင်ခိုလှုံကြတဲ့ နိုင်ငံရေးသမားတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အရပ်သား ပြည်သူတွေ၊ သတင်းထောက်တွေ၊ ကျောင်းသားတွေ၊ အလုပ်သမားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ တော်လှန်ရေးသမားတွေ၊ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူတွေကို EAOs တွေက ခိုလှုံခွင့်နဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ ပေးထားနေကြပါတယ်။ ဗမာမဟုတ်တဲ့ လူမျိုးစုတွေရဲ့ ဒီလိုအကူအညီနဲ့ မိတ်ဖက်မှုသာ မရှိရင် NUCC, CRPH, NUG နဲ့ PDF တို့ရဲ့ အသက်ဝင်ပေါ်ထွန်းမြင့်တက်မှုဟာ အခုနဲ့ မတူကွဲပြား ပိုအားနည်း ပိုနှေးကွေးတဲ့ ဖြစ်အင်မျိုးဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒီစစ်အာဏာသိမ်းမှုမှာ တခုတည်းသော အပြုသဘောအကျိုးရလဒ်ကတော့ လူမျိုးပေါင်းစုံ တောင်ပေါ်မြေပြန့်က ပြည်သူလူထုတွေ၊ ဗမာနဲ့ ဗမာမဟုတ်တဲ့လူမျိုးစုတွေကြား သမိုင်းတလျှောက် ပထမဆုံးအကြိမ် နားလည်စည်းလုံးမှုကြီး ဖြစ်ပေါ်စေခဲ့တာပါ။ ပြည်တွင်းစစ် နှစ် ၇၀ ကျော်ကာလ အစဉ်အဆက်ခွဲခြားဆက်ဆံမှုတွေ မသိသားဆိုးရွားမှုတွေ ပျက်ကွက်မှုတွေ မျက်ကွယ်ပြုမှုတွေအတွက် ဗမာနိုင်ငံရေးခေါင်းဆောင်တွေ စစ်ရေးခေါင်းဆောင်တွေက တောင်းပန်ရကောင်းမှန်းမသိကြသေးပေမယ့် ဗမာတော်လှန်လူငယ်ထုကတော့ တောင်းပန်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

ဒီနိုင်ငံရဲ့ဖြစ်တည်မှုသမိုင်းနဲ့ မြေပြင်အခြေအနေအရှိတရားကို ထောက်ဆလို့ - လွတ်လပ်မှု ဒီမိုကရေစီနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ဖြစ်တည်မှုဆီ သွားရာလမ်းရဲ့ဗဟိုမှာ ဗမာမဟုတ်တဲ့ လူမျိုးစုတွေကို အပြောင်းအလဲဖြစ်စေသူတွေအဖြစ် ပြုသူ (active stakeholders) တွေအဖြစ် လက်ခံရမယ့်အစား၊ အပြုခံ (passive objects) တွေအဖြစ်သာ ပြည်တွင်းလူများစု၊ ဗမာနိုင်ငံရေး အီလစ်တွေက ဆက်ဆံခဲ့ကြဖူးပါတယ်။ တန်းတူမှုမပေးဘဲ ဗဟိုချုပ်ကိုင် တပြည်ထောင်စနစ်အောက်မှာ ထားချင်ခဲ့ကြပါတယ်။ ပြည်တွင်းနိုင်ငံရေးအီလစ်တချို့နဲ့ နိုင်ငံတကာ player တွေဟာ မြန်မာစစ်တပ် အင်စတီကျူးရှင်းနဲ့ ထိတွေ့ဆက်ဆံခြင်းအားဖြင့် ပြည်ထောင်စုပြဿနာကို ပိုပြီး ကြီးထွားစေတယ်။ ဥပမာအားဖြင့် အရင်ဆုံး တပြည်ထောင်စနစ်အောက်မှာ စစ်တပ်နဲ့ အတိုက်အခံပါတီကြား စေ့စပ်ညှိနှိုင်းကျေအေးကြတာတွေလုပ်ကြတယ်၊ အဲဒီနောက်မှာမှ ဗမာ

မဟုတ်တဲ့ လူမျိုးစုနိုင်ငံရေးပါတီတွေ လက်နက်ကိုင်အဖွဲ့တွေနဲ့ သဘောတူညီချက်ရဖို့ လုပ်ကြရင်းနဲ့ ဒီနိုင်ငံမှာလုပ်ခဲ့သမျှ နိုင်ငံရေး၊ ငြိမ်းချမ်းရေး ဘယ်လုပ်ငန်းစဉ်မှ တခါမှ မအောင်မြင်ခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဒီပြည်ထောင်စုပြဿနာကို အမှန်တကယ်ပြေလည်စေချင်တယ်ဆိုရင်၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ချင်တယ်ဆိုရင်တော့ ဗမာကြီးစိုးထားတဲ့ ဗဟိုချုပ်ကိုင်တပြည်ထောင်စနစ်ကို တခါတည်းစွန့်လွှတ်လိုက်ပြီး တန်းတူခွင့်ကျင့်သုံးမှသာ ဖြစ်မယ်ဆိုတဲ့ အရှိတရားကို ကျမတို့လက်ခံဖို့လိုပါတယ်။

**မေး - တော်လှန်ရေး အောင်မြင်ဖို့အတွက် stakeholders (NUCC, NUG, ERO, CRPH) တွေကိုရော၊ ပြည်သူလူထုတွေကိုရော ဘာ သတင်းစကားတွေပေးချင်လဲ။ ဘာလုပ်သင့်တယ်လို့မြင်လဲ။**

ဒီနိုင်ငံရဲ့ သမိုင်းကို ပြန်ကြည့်လို့ရှိရင် ၁၉၄၇ မှာ ပင်လုံစာချုပ်ချုပ်ပြီးတော့ လွတ်လပ်ရေးအတူယူမယ်ဆိုတဲ့အချိန်တုန်းကလည်း ပြဿနာတွေက တကယ်တော့ မကျေလည်တာတွေ ရှိတယ်။ ဒါပေမဲ့ အဲဒီအချိန်ကာလက ခေါင်းဆောင်တွေက ဘယ်လိုလုပ်ခဲ့သလဲဆိုတော့ "ငါတို့အတူပူးပေါင်းပြီးတော့ လွတ်လပ်ရေးကိုပဲ အရင်ယူလိုက်မယ်၊ ပြီးတော့မှ ကျန်တဲ့ကိစ္စတွေကို နောက်ကျတော့မှ အချင်းချင်းကြားထဲမှာ ရှင်းကြမယ်" ဆိုပြီးတော့ လုပ်ခဲ့တယ်။ ဆိုလိုတာကတော့ "ဘုံရန်သူကိုအရင်တိုက်၊ လွတ်လပ်ရေးကို အရင်ယူ၊ ကျန်တာနောက်မှရှင်း" ဆိုတဲ့ အခုခေတ်စား နေတာနဲ့လည်း အတူတူပဲဖြစ်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ အတွေ့အကြုံကို ပြန်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် လွတ်လပ်ရေးအရင်ယူ ကျန်တာနောက်မှ ရှင်းဆိုပြီး လုပ်လိုက်တာ လွတ်လပ်ရေးရ သွားပြီးတော့ အခုထက်ထိ ရှင်းလို့မပြီးတာ နှစ်ပေါင်း (၇၀) ကျော်လာပြီပေါ့။ ဘယ်လိုမှကို ရှင်းလို့မရတဲ့အပြင်၊ အဲဒီကာလတုန်းက ရှိခဲ့တဲ့ အရှုပ်ထက်တောင် အခုက ပိုပြီးတော့ ရှုပ်ထွေးနက်ရှိုင်းသွားတဲ့ ပိုဆိုးသွားတဲ့ အနေအထားမျိုး ဖြစ်လာတယ်ဆိုတာ အဲဒီသင်ခန်းစာကို ယူသင့်တယ်။ ခုရှုပ်မှ နောင်ရှင်းလေ။ တခါတည်း တပါတည်း ရှင်းသွားရမယ့်ကိစ္စတွေလို့ပဲ မြင်ပါတယ်။ အဲဒါကို ပြည်သူတွေရော ခေါင်းဆောင်တွေရော - အထူးသဖြင့် တာဝန်အရှိဆုံးကတော့ ခေါင်းဆောင်နေရာယူထားတဲ့သူတွေပါ။ ပြည်သူတွေက တာဝန်ကျေတယ်။ ခေါင်းဆောင်တွေကပဲ တာဝန်ကျေဖို့ ကျန်တာဆိုတော့ ခေါင်းဆောင်တွေကိုပဲ ပြောချင်ပါတယ်။

ပြီးတော့ ပြည်သူတွေကို မှန်မှန်ကန်ကန် တင်ပြဖို့ပေါ့။ အဲဒါကလည်း အရမ်းအရေးကြီးတယ်လို့ ထင်ပါတယ်။ အခုက တခုခုမှားလို့ရှိရင် အဲဒါကို အမှန်အတိုင်း တင်ပြပြီးတော့ ဝန်ခံလိုက်တာ၊ တောင်းပန်လိုက်တာမျိုး မဟုတ်ဘဲနဲ့ အမှားကို တစ်ခုပြီးတစ်ခု ထပ်ထပ်ကျော့ပြီး ဖုံးအုပ်သွားဖို့ပဲ လုပ်နေတာမျိုးကိုလည်း ပြင်ဖို့လိုတယ်။ ပြည်သူကို မှန်မှန်ကန်ကန်တင်ပြဖို့ ပြောချင်ပါတယ်။ နောက်တခုက စောစောတုန်းကပြောသလိုပဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်က ရွေးကောက်ပွဲနဲ့ လွှတ်တော်ဆိုတာက အတိုင်းအတာတခုထိ၊ ကာလတခုထိ တော်လှန်ရေးတိုက်ပွဲကနဦးကာလမှာ legitimacy အတွက် လိုအပ်ပါတယ်။ ဒါပေမဲ့ အဲဒီ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်က ရွေးကောက်ပွဲနဲ့ လွှတ်တော်ဆိုတာက မူလကတည်းကိုက စုံလင်ကွဲပြားတဲ့ ပြည်ထောင်စုအတွက် တရားမျှတ တန်းတူညီမျှကိုယ်စားပြုခွင့်မရှိတဲ့ဟာကနေ လာတယ်ဆိုတာကို မမေ့ဖို့ မျက်ကွယ်မပြုဖို့လည်း အရေးကြီးတယ်။ စစ်တပ်က လွှတ်တော်မှာ ၂၅ ရာခိုင်နှုန်းနဲ့ အခရာကျတဲ့ဝန်ကြီးနေရာ သုံးခုယူခဲ့တာကြောင့်တင်မကဘဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အထက်လွှတ်တော်ရော အောက်လွှတ်တော်ပါ စနစ်တကျ တဖက်စောင်းနင်းဖြစ်နေခဲ့ပါတယ်။

တန်းတူမှုမရှိခြင်းဆိုတဲ့အချက်ဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ လက်မခံနိုင်စရာ ဆိုးရွားမှုတွေထဲက တချက်ဖြစ်ပါတယ်။ ဆိုတော့ ပြည်ထောင်စုတန်းတူရေးအုတ်မြစ်အပေါ်မှာ အခြေခံတဲ့ ရွေးကောက်ပွဲနဲ့လွှတ်တော်ဖြစ်မှသာ ဂုဏ်ယူစရာနဲ့ ပြည်ထောင်စုပြဿနာကိုပြေလည်စေမယ့် အရာဖြစ်လိမ့်မယ်။ အခုအတိုင်းကြီးဆိုရင်တော့ စစ်ကျွန် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်ပြီးဆုပ်ကိုင်ထားတဲ့အနေအထားပဲ ဖြစ်တယ်။ အဲဒါက စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်အားလုံးကို အမြစ်ဖြတ်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ထောင်ရေးဆိုတဲ့ နွေဦးတော်လှန်ရေး ဘုံမျှော်ရည်ချက်နဲ့လည်း ဖီလာဆန့်ကျင်နေတယ်။ အဲဒီတော့ ဒီ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်တဲ့ တပြိုင်နက်မှာပဲ တော်လှန်ရေးအစုအဖွဲ့တွေအားလုံးကလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်က ဖြစ်တည်မှုကနေ လွတ်မြောက်ဖို့လိုပါတယ်။ ပြည်ထောင်စုသားတွေရဲ့ နိုင်ငံရေးဆန္ဒမှန်ကို ထင်ဟပ်တဲ့ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တရပ်ကိုလည်း ပြဋ္ဌာန်းကျင့်သုံးကြရမှာဖြစ်ပါတယ်။

**မေး (Live chat မှ) - လူမျိုးမတူရင် အခွင့်အရေး မတူတော့ဘူးလားပေါ့နော်။ ဘယ်လို စနစ်မျိုးလဲ။**

ကျမတို့နိုင်ငံမှာ ဖက်ဆစ်တပ်အင်စတီကျူးရှင်းဖြစ်တဲ့ အခုလက်ရှိမင်းအောင်လှိုင်ကနေ သူ့အရင် စစ်ခေါင်းဆောင်တွေအဆုံး တောက်လျှောက်ပြောနေခဲ့တာက - လူမျိုးကို အခြေမပြုဘူး၊ ပထဝီကိုပဲ အခြေပြုတယ်ဆိုတာကိုပဲ အမြဲတမ်း ပြောခဲ့တယ်။ စစ်အာဏာမသိမ်းခင်ကာလ NLD အစိုးရလက်ထက်မှာလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးညီလာခံတွေမှာရော အခုစစ်အာဏာသိမ်းပြီးနောက်ပိုင်းမှာရော မင်းအောင်လှိုင်ကပြောတဲ့ဟာကိုကြည့်လို့ရှိရင် သူ့ရဲ့ ပြည်ထောင်စုအမြင်မှာ ပထဝီအခြေပြုကသာလျှင် ဖြစ်သင့်တယ်၊ လူမျိုးရေးက အမြင်ကျဉ်းမြောင်းတယ်ဆိုတဲ့မူကို တောက်လျှောက် စွဲကိုင်ခဲ့တယ်။ ဆိုတော့ လူမျိုးရေးနဲ့လုပ်တာကို လက်မခံဘဲနဲ့ ပထဝီကိုပဲ လက်ခံတာဟာ ဖက်ဆစ်တပ်ရဲ့မူ ဖြစ်တယ်ဆိုတာကို ပထမပြောချင်ပါတယ်။

ဆိုတော့ လူမျိုးအခြေပြုနဲ့လုပ်လိုက်လို့ရှိရင် လူမျိုးရေးပဋိပက္ခတွေမဖြစ်နိုင်ဘူးလား ဘာညာဆိုတာက ဟုတ်ပါတယ်၊ လူမျိုးရေးဘာသာရေးပဋိပက္ခတွေ လုံးဝ မဖြစ်သင့်ဘူး၊ မဖြစ်အောင်လို့လည်း လုပ်ရမှာလည်း အားလုံးမှာ တာဝန်ရှိတယ်။ ဒါပေမဲ့

လက်တွေ့ကျကျကြည့်လိုက်လို့ရှိရင် ဒီနိုင်ငံမှာ တောက်လျှောက်ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်ဟာ ဘယ်အပေါ်မှာ အခြေပြုပြီး ဖြစ်နေတာလဲဆိုတာကို အမှန်အတိုင်းမြင်ဖို့လိုတယ်။ ဗမာကြီးစိုးလွှမ်းမိုးတဲ့ အစိုးရအဆက်ဆက်နဲ့ ဗမာကြီးစိုးလွှမ်းမိုးတဲ့ စစ်တပ်အင်စတီကျူးရှင်းကနေပြီးတော့ ဗမာမဟုတ်တဲ့လူမျိုးစုတွေရဲ့ ပြည်နယ်တွေမှာ ပြည်တွင်းစစ်ကို ဆင်နွှဲလာတာ နှစ်ပေါင်း (၇၀)ကျော် ကြာလာပါပြီ။ ဒီနိုင်ငံက ပြည်တွင်းစစ်မှာ တန်ပြန်တော်လှန်နေကြတဲ့ ခုခံစစ်ဆင်ပြီးတော့ ကိုယ့်အခွင့်အရေးအတွက်ကိုယ် ခုခံတိုက်ပွဲဝင်နေခဲ့ကြတဲ့ တော်လှန်ရေးအင်အားစုတွေကို ကြည့်လိုက်လို့ရှိရင် ဗမာမဟုတ်တဲ့လူမျိုးစုတွေ၊ အခု ERO လို့ခေါ်ကြတဲ့ လူမျိုးစုတော်လှန်ရေးအဖွဲ့တွေဖြစ်နေခဲ့ပါတယ်။

မြန်မာ့နိုင်ငံရေးအဆောက်အအုံမှာ အပေါ်ယံအပြင်ပန်းအားဖြင့် အားလုံးတန်းတူ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိတယ် ဆိုပေမယ့် ဒီအခင်းအကျင်းတခုလုံးဖြစ်တည်မှုကိုက ဖွဲ့စည်းပုံအခြေခံဥပဒေအရ၊ ရွေးကောက်ပွဲစနစ်အရ၊ လူဦးရေအရ၊ ပြည်နယ်နဲ့တိုင်းစုဖွဲ့စည်းပုံစံနဲ့ မဲဆန္ဒနယ်အရေအတွက်အရ... အောက်လွှတ်တော် ပြည်သူ့လွှတ်တော်ရော၊ အထက်လွှတ်တော် အမျိုးသားလွှတ်တော်ရောဟာ အခုထိ ပြည်ထောင်စုတန်းတူညီမျှတရားမျှတမှု မရှိသေးပါဘူး။ ဒီနိုင်ငံမှာက စုဖွဲ့စည်းတည်ဆောက်ပုံအရသော်လည်းကောင်း စနစ်အရသော်လည်းကောင်း ဓလေ့ထုံးတမ်း အရသော်လည်းကောင်း အာဏာရှင်စနစ်၊ လူမျိုးကြီးဝါဒနဲ့ ဗဟိုချုပ်ကိုင်မှုက အမြစ်တွယ်နေတာကြောင့် ဒီလူမျိုးကို အခြေပြုပြီးတော့ ပဋိပက္ခတွေဖြစ်နေရတယ်ဆိုတာက အရှိတရားပဲ ဖြစ်ပါတယ်။

ဒါက အခု လူမျိုးစုအခြေပြုဖက်ဒရယ်ဆိုပြီးတော့ လုပ်လိုက်တော့မှ ဖြစ်လာမယ့်အရာမဟုတ်ဘူး။ ဟိုတုန်းကတည်းက တောက်လျှောက် နှစ်ပေါင်း (၇၀) ကျော် ရှိနေတဲ့အရာဖြစ်တယ်။ ရှိပြီးသားအရာဖြစ်တယ်။ ပြည်ထောင်စုမှာ လူမျိုးအရတန်းတူမှုမရှိတာကြောင့် ပြည်တွင်းစစ်ဖြစ်ပွားနေခဲ့ရတာဖြစ်တယ်။ အဲဒီလိုမျိုး လူမျိုးအခြေပြုမဟုတ်ဘူးလို့ ဝန်မခံ လက်မခံပေမယ့်လည်း အမှန်တကယ်ဖြစ်နေတဲ့အရာပဲ ဖြစ်တယ်။ လိုအပ်နေတာဟာ တန်းတူမှု ဖြစ်ပါတယ်။

လူမျိုးတူမှု အခွင့်အရေးတူမှုမှာလား ဘာလားဆိုတာထက် - ကျမတို့ဆီမှာက အဓိက equality နဲ့ equity ပေါ့၊ equality တန်းတူဆိုတာအပြင်ကို equityဆိုတာက အားလုံးသာတူညီမျှဖြစ်အောင်လို့ ကြီးတယ် ငယ်တယ်အနေအထားမှာ ငယ်တဲ့သူ အင်အားသေးတဲ့သူ လူဦးရေနည်းတဲ့သူတွေလည်း တန်းတူ သာတူညီမျှ အခွင့်အရေးရတဲ့အထိ လုပ်ပေးမယ့်စနစ်မျိုးပေါ့။ Equality နဲ့ Equity ရှိမယ့်စနစ်မျိုးကို လိုအပ်တာပါ။ ဒီလူမျိုးရေးနဲ့လုပ်တယ်ဆိုတာကလည်း လူမျိုးရေး အမျိုးသားရေး ဆိုတာဘက်ကိုသွားချင်တာမျိုး မဟုတ်ဘဲ ဒီနိုင်ငံမှာပကတိရှိနေတဲ့ အနေအထားမှာ ပြဿနာတွေကို ပြေလည်အောင်လို့၊ ပကတိရှိနေတဲ့ပြဿနာက ဒီလူမျိုးအပေါ်မှာ အခြေပြုပြီးတော့ ဗမာနဲ့ဗမာမဟုတ်တဲ့ လူမျိုးစုတွေကြားထဲမှာ တန်းတူမှုမရှိတာကြောင့် ဖြစ်နေတဲ့ပြဿနာကြောင့်မို့လို့ ဒါကိုဖြေရှင်းဖို့အတွက် သုံးရတဲ့နည်းလမ်းဖြစ်ပါတယ်။ အဲဒီတော့ ဗမာနဲ့ဗမာမဟုတ်တဲ့ လူမျိုးစုတွေကြားထဲမှာ တန်းတူမှုရှိသွားပြီ၊ လူမျိုးအခြေပြုတဲ့ကြီးစိုးလွှမ်းမိုးမှုတွေ မရှိတော့ဘူး ဆိုလို့ရှိရင်တော့ လူမျိုးအခြေပြုတဲ့ကိစ္စတွေ လူမျိုးအခြေပြုတဲ့နည်းလမ်းတွေလည်း လုပ်စရာ မရှိတော့ပါဘူး။

တကယ်လူသားဝါဒကို ကျင့်သုံးချင်တယ်ဆိုလို့ရှိရင် တကယ် Equality နဲ့ Equity ရှိတဲ့ အခင်းအကျင်းဖြစ်အောင် အားလုံးက ဝိုင်းပြီးတော့ လုပ်ရမှာပါ။ ငါတို့ လူမျိုးအခြေပြုမလုပ်ချင်ဘူးလို့ ပြောပြီးတော့ - နှစ်ပေါင်း (၇၀)ကျော် အခုလက်ရှိအထိ ဖြစ်ပွားနေတဲ့ လူမျိုးအခြေပြု ခွဲခြားဆက်ဆံမှုတွေ တန်းတူမှုမရှိတာတွေကို မျက်ကွယ်ပြုထားလို့ရှိရင်လည်း အခွင့်ထူးခံသလို ဖြစ်နေပါတယ်။ အဲဒါကြောင့်သာ လူမျိုးအခြေပြုတဲ့ ပြောကြားချက်တွေ လမ်းကြောင်းတွေ စဉ်းစားချက်တွေ ဖြစ်လာခဲ့တယ်ဆိုတာကိုလည်း နားလည်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။